ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 27 October 2017 (၉၀၉၀)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ထိုင်းဘုရင်မင်းမြတ်၏ တော်ဝင်ဈာပနအခမ်းအနား တက်ရောက်

**ဗန်ကောက် အောက်တိုဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Sanam Luang ၌ ပြုလုပ်သည့် နတ်ရွာစံထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားသို့ တက်ရောက်ကြသည်။



**(ယာပုံ)**

တော်ဝင်ဈာပနအခမ်းအနားသို့ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ ဘုရင်များနှင့် မိဖုရားများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ မိတ်ဆွေများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တော်ဝင်ဈာပနအခမ်းအနား ကျင်းပမည့် ဗန်ကောက်မြို့ Sanam Luang သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နတ်ရွာစံထိုင်းနိုင်ငံ ဘုရင် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် စတင်ကျင်းပသည်။ တော်ဝင်ဈာပနအခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နတ်ရွာစံထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒက်ဂျ်၏ တော်ဝင်မီးသင်္ဂြိုဟ်စင်၌ စန္ဒကူးပန်းများကြွချပေးပြီး တော်ဝင်ဧည့်ခန်းမဆောင်သို့ သွားရောက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထိုင်းနိုင်ငံဘုရင် မင်းမြတ် မဟာဗာဂျီယာလောင်ကွန်းနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် နတ်ရွာစံ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ တော်ဝင်ဈာပနအခမ်းအနားမှ ခေတ္တတည်းခိုသည့် Okura Prestige Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ဂျာမနီ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**တွေ့ဆုံဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဂျာမနီ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

ရှားပါးပန်းချီလက်ရာများအပါအဝင် ပန်းချီကားပေါင်း ၁၀၀ ကျော် ပြသမည်

စာမျက်နှာ - ၂

နိုဘယ်လ်ဆုရှင် အိုင်းစတိုင်း၏ လက်ရေးမှတ်စု ဒေါ်လာ ၁ ဒသမ ၈ သန်းဖြင့် လေလံတင်ရောင်းချ

စာမျက်နှာ - ၁၂

ပုပ္ပားတောင်ကလပ်အနီး မြေသားနိမ့်ကျမှုမှာ မိုးရွာသွန်းမှုကြောင့်ဟု ပညာရှင်များသုံးသပ်

စာမျက်နှာ - ၁၆

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by FinanceAsia 2017

ကြေးမုံ
အောက်တိုဘာ ၂၇၊ ၂၀၁၇

ကြေးမုံ

## လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အောက်တိုဘာလ ၂၄ ရက် နံနက်ပိုင်းက နေပြည်တော်တွင် ကျင်းပခဲ့ရာ နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနမှ ခေါင်းဆောင်များက လုံခြုံရေးကဏ္ဍဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို လက်မှတ်ရေးထိုးခဲ့ကြပေသည်။

ပြည်ထဲရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ဖွင့်လှစ်ခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုနှင့် လူဝင်၊ လူထွက်မှုများ စိစစ်ခြင်းနှင့် နိုင်ငံသားစိစစ်လက်ခံမှုများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး စသည့်ကဏ္ဍတို့တွင် အဆင့်လိုက် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာဘက်မှ ရောက်ရှိနေသူများအား နိုင်ငံသားစိစစ်မှုများပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြန်လည်လက်ခံနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူညီချက် (၁၀)ချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းသည် မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်တံခါးပေါက်ဖြစ်ပြီး ထိုနယ်စပ်တံခါးများကို အကြောင်းပြု၍ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်မှုများရှိလာခဲ့သည်။ ပြီးခဲ့သည့်ကာလက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များသည် အနောက်တံခါးကိုချိုးဖျက်ကာ နှစ်နိုင်ငံနယ်စပ်တွင် ပြဿနာများ ပိုမိုကြီးထွားအောင်ဖန်တီးခဲ့သည့် လုပ်ရပ်များပင်ဖြစ်သည်။ အစွန်းရောက်အကြမ်းဖက်သမားများသည် အနောက်ဘက်တံခါးမှ ဝင်ရောက်ခဲ့ကြပြီး အစွန်းရောက်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်ခဲ့ကြသည်။ ယင်းလုပ်ရပ်များကို အကြောင်းပြုကာ ဖြစ်ပေါ်လာသော ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လူမျိုးတုံးရှင်းလင်းမှုရပ်တန့်ရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက်ထားရေး စသည်တို့ကို အကြောင်းပြု၍ နောက်ကွယ်မှ ရည်ရွယ်ချက်ရှိရှိ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်သောလုပ်ရပ်များကို ကာကွယ်နိုင်ရန်အတွက် အထူးသတိထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခု နှစ်နိုင်ငံပြည်ထဲရေးဆွေးနွေးမှုများသည် နှစ်နိုင်ငံနယ်စပ်ဒေသတွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်မှုတားဆီးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရှေးရှုထားသည်ကို တွေ့ရပါသည်။

လက်တွေ့၌ မြန်မာနိုင်ငံ အနောက်တံခါးပေါက် နှစ်နိုင်ငံနယ်စပ်ဒေသတွင် မြင်မကောင်း၊ ရှုမကောင်းသော အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့နေကြရမည်ဖြစ်သည်။ ယင်းအခြေအနေကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်ခြင်းမရှိဘဲ လူ့အခွင့်အရေးကိုဇောင်းပေးကာ ကြွေးကြော်နေသည်မှာ အထက်ပါပြဿနာများဖြေရှင်းရေးထက် နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုထိခိုက်စေနိုင်သည်။ ထို့ကြောင့် နှစ်နိုင်ငံပြည်ထဲရေးအနေဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပြီး ယနေ့လက်ရှိဖြစ်ပေါ်နေသော နယ်စပ်ဖြတ်ကျော်ဝင်၊ ထွက်ကြသူများအရေးကို ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးနိုင်ခဲ့သည်မှာ လျော်ကန်သင့်မြတ်သည်ဟု ဆိုနိုင်ပါသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် နယ်စပ်ဖြတ်ကျော်ဒုက္ခသည်အရေးကို စေ့စေ့တွေး၊ ရေးရေးကြည့်မည်ဆိုလျှင် ထိုဖြတ်ကျော်မှုများအားလုံးမှာ ဥပဒေနှင့်မညီသည့် တရားမဝင်လုပ်ဆောင်မှုများသာဖြစ်ပြီး ထိုဖြတ်ကျော်နေမှုများကိုအကြောင်းပြုကာ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးနှောင့်ယှက်လာမှုများအား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းသည်သာ ပိုမိုထိရောက်မှုရှိမည်ဟု ယူဆပါသည်။ သို့ဖြစ်၍ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်ပြီး နယ်စပ်ဖြတ်ကျော်ဝင်ထွက်လာသော ဒုက္ခသည်အရေးကို ဥပဒေနှင့်အညီ စနစ်တကျဆက်လက်ဆောင်ရွက်ခြင်းသည် မှန်ကန်သင့်မြတ်သောလုပ်ငန်းစဉ်ဟု ဆိုချင်ပါသည်။ ။

## မြန်မာ့သမိုင်းနှင့်ပတ်သက်၍ နိုင်ငံတကာပညာရှင်များ စာတမ်းဖတ်ကြားမည်

**ရန်ကုန် အောက်တိုဘာ ၂၆**
နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ် သမိုင်းဆိုင်ရာအမြင်နှင့် ချဉ်းကပ်လေ့လာပုံ အတွေ့အကြုံများကို မြန်မာနိုင်ငံမှ ပညာရှင်များရရှိစေရန် Reorienting Myanmar Studies in Myanmar ခေါင်းစဉ်ဖြင့် နိုင်ငံတကာပညာရှင်များက မြန်မာ့သမိုင်းနှင့်ပတ်သက်၍ ပြုစုရေးသားထားသည့် စာတမ်းများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် ဖတ်ကြားတင်ပြမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဆိုင်ရာ အချက်အလက်တွေဖော်ထုတ်တဲ့အခါမှာ နိုင်ငံတကာရဲ့ ကျွန်တော်တို့နိုင်ငံအပေါ် သမိုင်းဆိုင်ရာ အတွေးသစ်၊ အမြင်သစ်တွေ ဘယ်လိုရမလဲ၊ ဘယ်လိုချဉ်းကပ်နေလဲ၊ သူတို့ ဘယ်လိုဆောင်ရွက်နေလဲ၊ မြန်မာ့သမိုင်းကို ဘယ်လိုလေ့လာမှုတွေရှိလဲ စတဲ့အတွေ့အကြုံဗဟုသုတအသစ်တွေရစေချင်တာပါ။ အဓိကအားဖြင့် ကျွန်တော်တို့ဆီမှာရှိတဲ့ သုတေသနအရာရှိတွေ၊ သမိုင်းကို လေ့လာနေတဲ့သူတွေ အဲဒီလူတွေကိုရစေချင်တာပါ"ဟု သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ပြောသည်။

အဆိုပါစာတမ်းဖတ်ပွဲကို စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယအစရှိသည့် နိုင်ငံများမှ သမိုင်းဆိုင်ရာ သုတေသနပြုသည့်ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ကျောင်းသားကျောင်းသူများပါဝင်ပြီး လက်ရှိတွင်စာတမ်းပေါင်း ၅၃ စောင်အား မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသို့ ဆက်သွယ်ပေးပို့ထားကြောင်း ယင်းစာတမ်းများထဲမှ ၁၂ စောင်ကို ပြန်လည်စိစစ်ရွေးချယ်ပြီး စာတမ်းရှင်များကို တရားဝင်ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကက သုံးသပ်ရရှိတဲ့အချက်တွေကို ထုတ်နုတ်ပြီးတော့ သမိုင်းဆိုင်ရာအထောက်အထားထဲမှာ ဘယ်ကွပ်လပ်ကိုဖြည့်လို့ရမလဲဆိုတာ သမိုင်းအထောက်အထားကို ရှာဖွေတဲ့သဘောပါပဲ။ ဒီစာတမ်းတွေကို စုစည်းပြီးစာအုပ်ထုတ်ဝေသွားမှာပါ။ အရွေးမခံရတဲ့ စာတမ်းတွေကို ပိုစတာကပ်ပြီး ပြသသွားမှာပါ"ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

သုတေသနပြုလုပ်ရာတွင် ကွင်းဆင်းသုတေသနလုပ်ခြင်း၊ အတွေ့အကြုံမေးမြန်းခြင်း၊ သုတေသနစာတမ်းရေးခြင်း စသည်ဖြင့် သုတေသနလုပ်ငန်းများလုပ်ရကြောင်း ဌာနအနေဖြင့် မြန်မာ့သမိုင်းပညာရှင်များ၏ သမိုင်းဆိုင်ရာအသိပညာပေးခြင်းနှင့် စာတမ်းဖတ်ကြားခြင်း၊ ဌာနအတွင်း သုတေသနဝန်ထမ်းများ၏ စာတမ်းဖတ်ကြားခြင်း၊ စာအုပ်များ ပြန်လည်သုံးသပ်ဖတ်ကြားခြင်းတို့ကို လစဉ်ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောသည်။

**(ဇာနည်မောင်)**

## ရှားပါးပန်းချီလက်ရာများအပါအဝင် ပန်းချီကားပေါင်း ၁၀၀ ကျော် ပြသမည်

**ရန်ကုန် အောက်တိုဘာ ၂၆**
တစ်ခေတ်တစ်ခါက ပန်းချီလောကတွင် ထင်ရှားကျော်ကြားခဲ့ကြသည့် အသက်(၇၅)နှစ်ကျော် ပန်းချီဆရာကြီးများ၏ ရှားပါးပန်းချီလက်ရာများ အပါအဝင် ပန်းချီကားပေါင်း ၁၀၀ ကျော်ကို နိုဝင်ဘာ ၄ ရက်တွင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဧရာဝဏ်ပန်းချီအနုပညာပြခန်း၌ ကျင်းပမည့် "စိန်ရတုအလွန်ပန်းချီပြပွဲ"တွင် တစုတစည်းတည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝဏ်ပန်းချီအနုပညာပြခန်းမှ တာဝန်ရှိသူ ကိုမျိုးဟန်ကြွယ်က "နဂိုတုန်းက ရုပ်ရှင်ရုံတွေမှာ ပိုစတာသီးသန့်ရေးတဲ့ ပန်းချီဆရာကြီးတွေရဲ့ လက်ရာဟောင်းတွေပါမယ်။ နိုင်ငံကျော်ပန်းချီဆရာကြီးတွေရဲ့ လက်ရာဟောင်းတွေ၊ လက်ရာသစ်တွေပါမယ်။ တချို့နယ်မှာ တိမ်မြုပ်နေတဲ့ ပန်းချီဆရာကြီးတွေရှိတယ်။ မရေးနိုင်ကြတော့ဘူး။ တချို့ကတော့ အခုထိအောင်မြင်နေဆဲဆရာကြီးတွေလည်း ရှိပါတယ်။ အဲဒီလိုဆရာကြီးတွေကို အချင်းချင်းပြန်လည်တွေ့ဆုံပြီး ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ ပျော်ရွှင်စေချင်လို့ ကျင်းပပေးတာပါ"ဟု ပြောသည်။

ဒုတိယအကြိမ် ကျင်းပသည့် အဆိုပါပန်းချီပြပွဲကို ဝါရင့်ပန်းချီဆရာကြီး ဦးစောလှိုင်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ တောင်ကြီးစသည့်မြို့များမှ ဝါရင့်ပန်းချီဆရာကြီး၊ ဆရာမကြီးများ၏ ပန်းချီလက်ရာ ၁၀၀ ကျော်ကို ပြသထားမည်ဖြစ်ကာ ပြပွဲကာလကို နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**(သီသီမင်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၄၅၀၀ | - | ၉၃၄၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၄၅၀၀ | - | ၉၃၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၅/၇၅၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၆၈၀/၆၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၃. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၆၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၆၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၅၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၂၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၁. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၂၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃. ၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့
themirror.npt@gmail.com
www.facebook.com/themirrordaily

# ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ထုတ်ပြန်ကြေညာ စာပေလောကတွင် ထင်ရှားကျော်ကြားသည့် မောင်သာနိုး၊ သိန်းသန်းထွန်းနှင့် ညိုဝင်း ရရှိ

**ရန်ကုန် အောက်တိုဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ဆရာကြီးဦးသာနိုး(မောင်သာနိုး)၊ ဆရာကြီးဦးသိန်းသန်းထွန်း (သိန်းသန်းထွန်း)နှင့် ဆရာကြီးဦးကျော်ဝင်း (ညိုဝင်း)တို့အား ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်က စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ)(ကွယ်လွန်)၊ စည်သူဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူဦးငွေမောင်(ငွေမောင်)၊ စည်သူဦးလေးမြိုင်(လေးမြိုင်)၊ စည်သူဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန်(မကြန်)၊ စည်သူဦးကြည်အေး(ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန်(ကွယ်လွန်)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ စည်သူဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဦးအောင်သင်း(အောင်သင်း)(ကွယ်လွန်)၊ ဦးတင်မောင်(သိပ္ပံမှူးတင်)(ကွယ်လွန်)၊ ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)၊ ဦးဝင်းဖေ(မြဇင်)၊ ဦးခင်မောင်စိုး(မောင်ပေါ်ထွန်း)၊ ဦးကိုလေး (ကိုလေး-အင်းဝဂုဏ်ရည်)၊ ဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်)(ကွယ်လွန်)၊ ဦးတင်ခ(တက္ကသိုလ်တင်ခ)တို့ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုရှင် သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့်အနေဖြင့် စာပေပညာရှင်ကြီး သုံးဦးအထိ ဆက်လက်ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆုချီးမြှင့်ငွေအဖြစ် အမျိုးသားစာပေတစ်သက်တာဆုကို ငွေကျပ် ၂၅ သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါဆုများကို အမျိုးသားစာပေဆုပေးပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်နှင့် နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ စာရေးဆရာ ညီပုလေး၏ ဆရာဝန်တစ်ယောက်အကြောင်းကို ရေးဖွဲ့သော "ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက်ဝတ္ထုရှည်"က အမျိုးသားစာပေဆု ဆွတ်ခူး

**ရန်ကုန် အောက်တိုဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်စာပေဆုတွင် ညီပုလေးရေးသားသည့် ထက်မြက်တဲ့ဓားသွားပေါ်က ချိုမြမြပျားရည်စက်(မျိုးဆက်သစ်စာပေတိုက်) ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် မင်းဝေဟင်ရေးသားသည့် လရိပ်အောက်က မိုးတိမ်မဂ္ဂဇင်းဝတ္ထုတိုများ (ပိတောက်ရနံ့စာပေတိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ကိုရွေး ရေးသားသည့် ရန်ကုန်ကို အလစ်မပေးနဲ့ ဒေလီယာကဗျာများ(စိတ်ကူးချိုချိုစာပေတိုက်)၊ စာပဒေသာစာပေဆုတွင် ကိုခါး(ကွမ်းခြံကုန်း)ရေးသားသည့် ရေနွေးဖန်ဖန်၊ ရေချိုချို (ရန်အောင်စာပေတိုက်-၂)၊ ကလေးစာပေဆုတွင် မောင်တင်စိုး(သစ်ရာကောက်) ရေးသားသည့် ကဗျာကျောင်းနှင့် ဒေါင်းမလေးကလေးကဗျာများ (မြစ်ကွေ့စာပေတိုက်)၊ လူငယ်စာပေဆုတွင် ယမင်းမြတ်အေး ရေးသားသည့် အိပ်မက်ချိုချို ဘဝခါးခါး(လင်းလွန်းခင်စာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာဘာသာရပ်)စာပေဆုတွင် မောင်နိုင်(ဒဿနိက)ရေးသားသည့် ရှေးမြန်မာသင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှု (ကမ်းရိပ်မွန်စာပေတိုက်)၊ သုတပဒေသာ(အသုံးချသိပ္ပံ)စာပေဆုတွင် ကျော်ဦး ရေးသားသည့် မိုးရေလှောင်ကန်(ပါရမီစာပေတိုက်)၊ နိုင်ငံရေးစာပေဆုတွင် ဒေါက်တာကျော်ဝင်း(သမိုင်းပါမောက္ခ- ငြိမ်း) ရေးသားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်း(ခေတ်ပြတိုက်စာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)စာပေဆုတွင် ဒေါက်တာခင်မောင်ညွန့် ရေးသားသည့် The Historic Bells of Yangon(သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)တို့ကို ဆုချီးမြှင့်ကြောင်း ကြေညာသည်။ ဆုချီးမြှင့်ငွေအဖြစ် အမျိုးသားစာပေဆုတစ်ဆုကို ငွေသားကျပ် ၁၅ သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၇၇ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း-၀၁- ၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း)ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့် စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို အမျိုးသားစာပေဆု အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်နှင့် နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၂၆**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသော စာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ချစ်နွေးမိုး၏ "ပဲ့တင်သံကောက်ကြောင်း" က လည်းကောင်း၊ ဒုတိယဆုကို ယွန်းမြတ်မွန်းသျှန်၏ "ငှက်ကလေးတွေ မိုးတိမ်ကြား ပျံနိုင်ကြစေသား" က လည်းကောင်း၊ တတိယဆုကို ယိမ်းနွဲ့လျှံ၏ "နှလုံးသားတို့ လန်းဆန်းရာမြေ" က လည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်တွင် ပထမဆုကို သောင်းမြင့်ဦး(ကွမ်းခြံကုန်း)၏ "သကာတွေ့တဲ့နေ့နှင့် အခြားဝတ္ထုတိုများ" က လည်းကောင်း၊ ဒုတိယဆုကို ကျော်လွင်(စက်မှု)၏ "သံဝေဂနှင့် သံယောဇဉ်အပါအဝင် အခြားဝတ္ထုတိုများစုစည်းမှု"က လည်းကောင်း၊ တတိယဆုကို မောင်နေခြည်(ပြည်)၏ "ထပ်တူကျသော နှလုံးသားများနှင့် အခြားဝတ္ထု" က လည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို လင်းခန့်၏ " မေတ္တာပန်းချီလင်းတေးသီကဗျာများ" က လည်းကောင်း၊ ဒုတိယဆုကို ဆန်လုံးညို၏ "သုံးရာသီသခင်နှင့် မြန်မာ့လယ်ယာကဗျာများ" က လည်းကောင်း၊ တတိယဆုကို မောင်အောင်စု၏ "ကျွန်ုပ်သခင် ထိုအရှင်သည်နှင့် ဘဝအလှကဗျာများ" က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဆုတွင် ဒုတိယဆုကို ဇွဲသန်းသျှင်း(သုံးဆယ်)၏ "ပီမိုးနင်းစာများကပြောသည့် ပီမိုးနင်း" က လည်းကောင်း၊ တတိယဆုကို ခင်(တောင်ကြီး)၏ "တောင်ကြီးမြို့၏ ရှေးအစဉ်အလာ ရိုးရာမီးပုံးပျံပွဲတော်" က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)ဆုတွင် တတိယဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ မြို့ကြီးများနှင့် ကျန်းမာရေးပြဿနာများ" က ရရှိသည်။

စာပဒေသာ(ဆောင်းပါး)ဆုတွင် ပထမဆုကို ကျော်သောင်း(ဘုတလင်)၏ "ချင်းတွင်းဒေသ ဖောင်သမားဘဝနှင့်အတွေ့အကြုံစာမျိုးစုံများ" က လည်းကောင်း၊ ဒုတိယဆုကို မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၏ "မြစ်ဝမဲဇာ မြစ်ညာခိုတောင်" က လည်းကောင်း၊ တတိယဆုကို ဇော်လွင်ဦး (ဟသ်ာတ)၏ "တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ"က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ဇော်လွင်ဦး(ဟသ်ာတ)၏ "ယင်းနက်" က လည်းကောင်း၊ ဒုတိယဆုကို မအိအိမွန်(ယဉ်ကျေးမှု)၏ "ပြတိုက်ပြခန်းများကပြောသော တိုင်းရင်းသားယဉ်ကျေးမှု" က လည်းကောင်း၊ တတိယဆုကို စေတနာလှိုင်(ရေစကြို)၏ "မြန်မာမှုကျောက်ဆစ်အနုပညာ"က လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ဒုတိယဆုကို ဇာနည်၏ "မေမေ့ရင်ခွင် ကလေးကဗျာများ"က လည်းကောင်း၊ တတိယဆုကို သိခ်သူ၏ " မြန်မာ့စိတ်ရင်းနှင့် ကလေးကဗျာများ" က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ဒုတိယဆုကို ချစ်မုန်းငြိမ်း၏ "အပျံသင်စနှင့် လူငယ်ဝတ္ထုတိုများ"က လည်းကောင်း၊ တတိယဆုကို နေမထူး၏ "အနက်ရောင်လွင်ပြင်"က လည်းကောင်း ရရှိသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို ဇင်မင်း(သမိန်ထော)၏ "အလွမ်းနွေရိပ် ပန်းလေ့ဆိပ်"က လည်းကောင်း၊ ဒုတိယဆုကို မောင်မြေနီ(တမာတော)၏ "ကောင်းဖို့ရွယ်သောခေတ်ကို အထူးသဖြင့် မျှော်မိတယ်"က လည်းကောင်း၊ တတိယဆုကို မောင်စိုးထိုက်(သုံးဆယ်)၏ "တာဝန်ကိုယ်စီရှိပါသည်နှင့် အခြားပြဇာတ်များ"က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်ဆုတွင် ပထမဆုကို ဇာနည်(ဘူမိဗေဒ)၏ "အကြမ်းဖက်ဝါဒ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေး (တရားဥပဒေစိုးမိုးမှုဖြင့် အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး)"က လည်းကောင်း ရရှိသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ စာပေဗိမာန်စာမူဆုကို ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၆ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၉၂ ခုကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ ဖုန်း-၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅×၇)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ကျင်းပမည့်အချိန်နှင့် နေ့ရက်၊ နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။
အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့လိပ်မူပေးပို့နိုင်ပါသည်။

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၉ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးဥပဒေ(၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# သံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်းအား နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်းအား နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

# သံအမတ်ကြီး ဦးလွင်ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၇**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နီပေါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးအား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

# မြန်မာနိုင်ငံပြန်တမ်း ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်တင်အုန်းကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

လေရှီးမြို့နယ် ဆွမ္မရာမြို့တွင် ဌာနပိုင်အဆောက်အအုံ မရှိသေးသည့် ဌာနဆိုင်ရာ ရုံးငါးရုံးအနက် သုံးရုံးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တို့တွင် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဆွေးနွေးပြောကြားသည်။



ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး၏ **လေရှီးမြို့နယ် ဆွမ္မရာမြို့ရှိ ဌာနဆိုင်ရာများ၏ ရုံးအဆောက်အအုံများကို မြို့အင်္ဂါရပ်နှင့်အညီ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဆွမ္မရာမြို့တွင် ရုံးဖွင့်လှစ်ထားပြီး ဌာနပိုင်အဆောက်အအုံရှိသောဌာနများမှာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ နယ်မြေရဲစခန်း၊ နယ်မြေမီးသတ်စခန်း၊ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်အသံလွှင့်ရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးဦးစီးဌာနတို့ရှိပါကြောင်း၊ ဆွမ္မရာမြို့တွင် ဌာနပိုင်အဆောက်အအုံမရှိသည့် ဌာနဆိုင်ရာရုံးများမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ကြေးနန်းဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်လမ်းဦးစီးဌာနတို့ ဖြစ်ပါကြောင်း။

ဆွမ္မရာမြို့တွင် ရုံးအသစ်ဆောက်လုပ်ခွင့်ရရှိရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဌာနပိုင်အဆောက်အအုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနပိုင်အဆောက်အအုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ လမ်းဦးစီးဌာနက ဌာနပိုင်အဆောက်အအုံကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း ငွေလုံးငွေရင်းရန်ပုံငွေမှ လျာထားတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာ့စာတိုက်လုပ်ငန်းနှင့် ကြေးနန်းဌာနက ဌာနပိုင်အဆောက်အအုံကို ဆွမ္မရာမြို့နယ် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှ ဖွင့်လှစ်ပေးထားပြီဖြစ်သောကြောင့် အသစ်ထပ်မံ ဆောက်လုပ်ပေးရန်အစီအစဉ်မရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၏ ဖွဲ့စည်းပုံအသစ်အရ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးရုံးတို့တွင်ပါရှိပြီး မြို့ဦးစီးမှူးရုံးများ ပါဝင်ခြင်းမရှိသဖြင့် လက်ရှိစုပေါင်းရုံး၌သာ လုပ်ငန်းဆောင်ရွက်စေလျက်ရှိပြီး ရုံးအဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိပါကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေကြားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုး၏ **ဗိုလ်တထောင်မြို့နယ် ရဲခစန်းအား အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့တွင် အရာရှိနှင့် အခြားဆင့်စုစုပေါင်း ၉၆ ဦး ရှိရမည်ဖြစ်သော်လည်း ယခုတွင် စုစုပေါင်း ၇၄ ဦးဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရဲစခန်းဝင်းအတွင်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ခဲ့သည့် အဆောက်အအုံတွင် လူနေအခန်း ၅၉ ခန်းရှိပြီး ၄၄ခန်းတွင် အိမ်ထောင်သည် ၄၄ ဦးနှင့် ကျန် ၁၅ ခန်းတွင် လူပျို၊ အပျို ၃၀ နေထိုင်လျက်ရှိပါကြောင်း။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဗိုလ်တထောင်မြို့မရဲစခန်းဝင်းအတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ) စစ်ဆေးရေးအဖွဲ့က အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ လိုအပ်သော မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းရုံးတို့ကို ခြောက်ထပ်အဆောက်အအုံတစ်လုံး၊ လေးခန်းတွဲ ခြောက်ထပ်တစ်လုံးနှင့် ၁၀ ခန်းတွဲ ခြောက်ထပ်တစ်လုံး စုစုပေါင်းအဆောက်အအုံသုံးလုံး ဆောက်လုပ်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်တို့၏ **အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော ကျောင်းသားများ၏ ပညာသင်ယူခွင့်ကို မည်ကဲ့သို့စီစဉ်ထားသည်ကိုသိလိုကြောင်း၊ နိုင်ငံတကာအဆင့်မီ ရဲတက္ကသိုလ်အား အမြန်ဆုံးဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ စည်ပင်သာယာ ရုံးတည်ရာ ပန်းခြံဟောင်းအား အများပြည်သူအပန်းဖြေနားနေနိုင်သော (Public Area)အဖြစ် ပြန်လည်သတ်မှတ်ပေးရန်နှင့် ပန်းတောင်းမြို့နယ်မှ မြေကေများအား ပြည်သူအများပိုင်မြေအဖြစ် ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ပြည်သူ့လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်က **အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့်အခြားသော အကြောင်းရပ်တို့ကြောင့် အခက်အခက်များစွာ ရင်ဆိုင်ကြုံတွေ့လျက်ရှိနေပါသဖြင့် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအရ ပြည်တွင်းပဋိပက္ခများ နှစ်ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဒေသတွင်းတည်ငြိမ်မှု မရှိသည့်အတွက် နေ့စဉ်နှင့်အမျှ စိုးရိမ်ကြောက်လန့်နေခြင်း၊ စစ်ဘေးဒဏ်များကို ရှောင်ရှားလိုခြင်း၊ အေးချမ်းစွာ ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများနည်းပါးခြင်း၊ စားဝတ်နေရေးအခက်အခဲများကြောင့် မိမိတို့နိုင်ငံသား တိုင်းရင်းသားများ နေရပ်စွန့်ခွာပြီး အိမ်နီးချင်းနိုင်ငံများနှင့် အခြားဒေသသို့ နည်းလမ်းမျိုးစုံဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြရပါကြောင်း၊ ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားအများစုသည် အသက်အန္တရာယ်လုံခြုံရေး၊ လုပ်ခလစာများ အပြည့်အဝရရှိရေးတို့အတွက် မိမိတို့ နိုင်ငံတော်အစိုးရ၏ ကူညီစောင့်ရှောက်မှုများကို မျှော်လင့်နေကြပါကြောင်း။

တရားဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံကူးလက်မှတ်၊ အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ၊ တရားဝင်နေထိုင်ခွင့်လက်မှတ်များ သက်တမ်းကုန်ဆုံးခြင်း၊ ပြန်လည်သက်တမ်းတိုး မဆောင်ရွက်ရသေးခြင်း၊ ဆောင်ရွက်ရန် အဆင်မပြေသေးခြင်း၊ အလုပ်ရှင်က နိုင်ငံကူးလက်မှတ်များအား သိမ်းယူထားခြင်းစသည့် အခက်အများ ကြုံတွေ့နေကြရသည်ကို သိရှိရပါကြောင်း၊ တရားမဝင် သွားရောက် အလုပ်လုပ်ကိုင်နေသူများသည်လည်း တစ်ဖက်နိုင်ငံ၏ မူဝါဒအပြောင်းအလဲနှင့် ဥပဒေပြင်ဆင်ပြဋ္ဌာန်းခြင်းများကြောင့် ဖမ်းဆီးခံရခြင်း၊ အလုပ်ရှင်များက နှင်ထုတ်ခြင်း၊ လုပ်ခလစာမရရှိဘဲ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရခြင်း စသည့် ဒုက္ခမျိုးစုံခံစားနေကြရသည့်အတွက် နိုင်ငံတော်၏ ကူညီစောင့်ရှောက်မှုများ လိုအပ်လျက်ရှိနေကြပါကြောင်း၊ မိမိနေရပ်ထံ ပြန်ဝင်ရောက်လာသူများကို လူသားချင်းစာနာထောက်ထားခြင်းအားဖြင့် နယ်စပ်ဒေသရှိမြို့များနှင့် ပြန်လာရာလမ်းကြောင်းရှိမြို့နယ်များမှ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် လူမှုအဖွဲ့အစည်းများက မိမိတို့ မြန်မာနိုင်ငံသားတိုင်းရင်းသားများအား လိုအပ်သလို ကူညီစောင့်ရှောက်မှုပေးနိုင်ပါရန် ပန်ကြားတိုက်တွန်းလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်မာမာခိုင်က အစီရင်ခံစာဖတ်ကြားတင်သွင်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ အလှူငွေများ ပေးအပ်သည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၃ သိန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ စုပေါင်းလှူဒါန်းငွေကျပ် ၈၇ သိန်း စုစုပေါင်းကျပ်သိန်း ၁၅၀ ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေသည် မြန်မာတစ်နိုင်ငံလုံးရှိ လူသားအားလုံးအတွက် အကျိုးဝင်သည့်ဥပဒေဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ကြယ်ပွင့်ပြမေးခွန်း သုံးခုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ်ကို လှူဒါန်းရန်တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **မော်လမြိုင်-မုဒုံ-သံဖြူဇရပ် လမ်းပိုင်းကို BOT စနစ်ဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ် ၄၀ စာချုပ်ဖြင့် လုပ်ငန်းရယူလုပ်ကိုင်နေသော "အေးကို မိသားစုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်"သည် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အပေါ်ယံပြင်ဆင်မှုများသာပြုလုပ်၍ အကျိုးအမြတ်ရယူနေခြင်းကို စစ်ဆေးလမ်းညွှန်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ လွန်စွာအားနည်းကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် လမ်းဦးစီးဌာနမှ ကုမ္ပဏီအား သတိပေးစာထုတ်ပြန်ခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး ကော်မတီမှလည်း လမ်းလုပ်ငန်းများ ဆောင်ရွက်ချက်အားနည်းမှုများအပေါ် အရေးယူဆောင်ရွက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြလာခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံခဲ့ပြီး အဆိုပါနေ့၌ပင် နောက်ဆုံးအကြိမ် သတိပေးစာ ထပ်မံထုတ်ပြန်ခဲ့ပါကြောင်း။

ထိုသို့ထုတ်ပြန်ချက်အရ အေးကိုမိသားစု ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့် မော်လမြိုင်-မုဒုံ- သံဖြူဇရပ်လမ်းပိုင်း ၃၇ မိုင်အနက် မိုင် ၂၀ အား ၂၄ ပေ အကျယ် A.C ခင်းခြင်းလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဇွန်လတွင် အပြီးဆောင်ရွက်သွားပါမည်ဟု လည်းကောင်း၊ ကျန် ၁၇ မိုင်အား ၂၄ ပေ အကျယ် A.C ခင်းခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန်လတွင် အပြီးဆောင်ရွက်သွားပါမည်ဟု လည်းကောင်း ဝန်ခံကတိပြုခဲ့သည့်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ရင်းနှီးမြှုပ်နှံမှုငွေများအပေါ် တစ်စုံတစ်ရာ တောင်းခံမှုမပြုဘဲ လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံပါမည်ဟု ဝန်ခံကတိပြုခဲ့ပါကြောင်း။



အေးကိုမိသားစုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့် ဝန်ခံကတိပြုထားသည့် အချက်များအတိုင်း သတ်မှတ်ထားသောကာလအတွင်း အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအား ပြန်လည်သိမ်းယူသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ကတိကဝတ်ပြုခဲ့သည့်အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စိစစ်ကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် ကုမ္ပဏီအနေဖြင့် ယခုနှစ်မိုးရာသီအတွင်း မိုင် ၂/၉ မှ ၃၉/၆ အတွင်း၌ ဖြစ်ပေါ်ခဲ့သော လမ်းမျက်နှာပြင်ပျက်စီးမှုများကို ကျောက်ကတ္တရာဖြင့် လမ်းပေါက်များ ဖာထေးပြုပြင်ခြင်းနှင့် ပြေပြစ်ချောမွေ့မှုမရှိသော အချို့နေရာများကို A.C ဖြင့် လမ်းမျက်နှာပြင် ဖြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပြီး A.C ခင်းခြင်းစီမံချက်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မိုင် ၉/၁ မှ ၉/၇ အထိ ခြောက်ဖာလုံ ပြီးစီးပြီဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အေးကိုမိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မော်လမြိုင် - မုဒုံ - သံဖြူဇရပ်လမ်းပိုင်း (၃၇/၀)မိုင်အား ချောမွေ့စွာ အသုံးပြုသွားလာနိုင်ရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်စေရေးအတွက် လမ်းဦးစီးဌာနမှ တွန်းအားပေးကြပ်မတ်လျက်ရှိပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်နှင့်အညီ စစ်ဆေးလမ်းညွှန် ဆောင်ရွက်စေလျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် **မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးက မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေသည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသားများ အားလုံးနှင့် အကျုံးဝင်သည့်ဥပဒေဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့တွင် ပြည်သူတစ်ရပ်လုံး၏ မဲဆန္ဒများနှင့်ရွေးချယ်၍ ကိုယ်စားလှယ်များ ဖြစ်လာကြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တာဝန်ယူထားသည့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံရှိ ပြည်သူအားလုံး၏ ကိုယ်စားလှယ်များပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းထားသည့် လွှတ်တော်အရပ်ရပ်သည် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေသည် မြန်မာတစ်နိုင်ငံလုံးရှိ လူသားအားလုံးအတွက် အကျုံးဝင်သည့် ဥပဒေဖြစ်သည်ဟု ရည်ညွှန်းပြောကြားရခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း၏ ရည်ရွယ်ချက်ကောင်းမွန်ပါကြောင်း၊ ထို့ပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး တည်သည်ဆိုသည့် နိုင်ငံတော်အခြေခံမူအတိုင်း လွှတ်တော်အားလုံး တစ်နည်းအားဖြင့် ပြည်သူအားလုံးတို့နှင့် အာဏာတည်သည့် ဥပဒေဖြစ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးတို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် ယခုလို အချိန်အခါကောင်းတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်များအတိုင်း မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေအား လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ကျော်ကျော်က ဥပဒေပြဋ္ဌာန်းရာတွင် သက်ဆိုင်ရာလွှတ်တော်အလိုက် ဥပဒေကြမ်းများအား တင်သွင်းကြပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြကာ မဲခွဲဆုံးဖြတ်၍ အတည်ပြုပြဋ္ဌာန်းကြပါကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်များအလိုက် သီးခြားဆွေးနွေးဆုံးဖြတ်ကြပြီး လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ပေါင်းပြီး ဆွေးနွေးဆုံးဖြတ်ကြပါကြောင်း၊ ထို့ကြောင့် အဆိုပါပြဋ္ဌာန်းချက်သည် လွှတ်တော်များ၏ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ကို ထိန်းချုပ်သကဲ့သို့ ဖြစ်စေပါကြောင်း။

ယခုအချိန်အခါသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားများအားလုံးနှင့် စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ ဖော်ဆောင်နိုင်ရေး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ကျင်းပပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်နေချိန်လည်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများနှင့် ယုံကြည်မှုတည်ဆောက်လျက်ရှိရာ တိုင်းရင်းသားအဖွဲ့ ရှစ်ဖွဲ့ထိ NCA စာချုပ် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး (၂)နှစ်ပြည့် အခမ်းအနားကိုပင် နေပြည်တော်၌ ကျင်းပနိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် ဗဟိုချုပ်ကိုင်မှုရှိသည့် ဥပဒေများ ပြဋ္ဌာန်းခြင်းသည် လွှတ်တော်များနှင့် အစိုးရ၏ ဆောင်ရွက်ချက်များကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဒေသခံပြည်သူများက ယုံကြည်မှုလျော့နည်းလာနိုင်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ယုံကြည်မှု လျော့နည်းလာနိုင်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုပါ သက်ရောက်မှုရှိလာနိုင်ခြင်းတို့ကြောင့် ယခုလို အချိန်ကာလတွင် ဤဥပဒေအား ပြဋ္ဌာန်းရန် မသင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးမြင့်နိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းနှင့် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောင်ရဲသွင်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးရေး အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးဆောင်ရွက်ရန် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်၍ အလှူငွေများပေးအပ်သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၁၀၂၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း လှူဒါန်းငွေကျပ် ၄၄၈၀၀၀၀ စုစုပေါင်းငွေကျပ် ၇၅ သိန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# ဓမ္မစေတီအရေးပုံကျမ်း

မြင့်ဆွေဦး

မြန်မာစာပေသမိုင်း၊ မြန်မာ့သမိုင်းတွင် အရေးတော်ပုံကျမ်းများသည် အရေးပါလှပြီး ထိုအရေးတော်ပုံများသည် မြန်မာ့သမိုင်းနှင့် အရေးတော်ပုံပါ မင်းများ၏အကြောင်းကို မှတ်တမ်းတင်ထား၍ဖြစ်သည်။ အရေးတော်ပုံကို နိုင်ငံ၊ မင်းတို့နှင့် ပတ်သက်သော စစ်ရေးသမိုင်း၊ တစ်နိုင်ငံလုံးနှင့်ဆိုင်သော၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးအခင်းဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားလေသည်။ ထိုအရေးတော်ပုံကျမ်းများသည် ရာဇဝင်ကျမ်းပြီးလျှင် မြန်မာ့သမိုင်းအတွက် အကိုးအထောက်ပြုရာကျမ်းများဖြစ်သည်။ မြန်မာစာပေသမိုင်းတွင် အရေးတော်ပုံကျမ်းများသည် ခုနစ်ကျမ်းအထိ ရှိလေသည်။ ယင်းတို့မှာ-

၁။ ဓညဝတီအရေးတော်ပုံ
၂။ ရာဇာဓိရာဇ်အရေးတော်ပုံ
၃။ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံ
၄။ ညောင်ရမ်းမင်းတရားအရေးတော်ပုံ
၅။ အလောင်းမင်းတရားကြီးအရေးတော်ပုံ (မူကွဲ သုံးကျမ်းထိရှိသည်။)
၆။ မဏိမဒေသအရေးတော်ပုံ
၇။ ဆင်ဖြူရှင်အရေးတော်ပုံဟူ၍ဖြစ်သည်။

ဤစာရင်းပါ အရေးတော်ပုံကျမ်းများအနက် အမှတ်စဉ် ၁ မှ ၅ အထိကို တစုတပေါင်းတည်းပြုလုပ်၍ အရေးတော်ပုံငါးစောင်တွဲဟူ၍ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ မဏိမဒေသအရေးတော်ပုံကျမ်းမှာ ၁၉၉၈ ခုနှစ်တွင်မှ ပုံနှိပ်မူအဖြစ် ထုတ်ဝေနိုင်ခဲ့သည်။

ဆင်ဖြူရှင်အရေးတော်ပုံမှာ ယနေ့တွင် ပုံနှိပ်ထုတ်ဝေခြင်းမရှိသေးပေ။ အရေးတော်ပုံကျမ်းများတွင် အမည်ဆင်တူ အရေးတော်ပုံနှစ်ခုမှာ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံနှင့် ဆင်ဖြူရှင်အရေးတော်ပုံတို့ဖြစ်သည်။ ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံမှာ ဘုရင့်နောင်မင်းတရားကြီး၏ သမိုင်းမှတ်တမ်းဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော ဆင်ဖြူရှင်အရေးတော်ပုံမှာ လက်ဝဲနော်ရထာရေးသားပြုစုပြီး ဘိုးတော်မင်းတရားကြီးအကြောင်း မှတ်တမ်းဖြစ်သည်။

ဆင်ဖြူရှင်အရေးတော်ပုံသည် ဖောင်းကားစားမောင်မောင်ကို နန်းချပြီး ဘိုးတော်ဘုရားက ထီးနန်းသိမ်းပိုက်စိုးစံခြင်းကစ၍ မှတ်တမ်းတင်သည်။ အမရပူရတွင် ထီးနန်းစိုက်၍ မြို့တော်အသစ်တည်ခဲ့သည်။ ထီးနန်းတက်ပွဲအခမ်းအနားကို မှတ်တမ်းတင်ရင်း ဆန်စပါးဈေးနှုန်း၊ ငါးပိဈေးနှုန်းများကိုပါ ဖော်ပြခဲ့သည်။

၁၇၈၅ ခုနှစ်တွင် သားတော်မဟာဥပရာဇာအား ရခိုင်ဓညဝတီကို သိမ်းယူရန် စေလွှတ်ခဲ့ပြီး ထိုအရေးအခင်းနှင့်တကွ မဟာမုနိရုပ်ပွားတော်မြတ်ကို ပင့်ဆောင်ခဲ့ပုံများကို အသေးစိတ်မှတ်တမ်းဖော်ပြခဲ့သည်။

ထို့အပြင် ထိုအရေးတော်ပုံ၌ မင်းခမ်းမင်းနားအဆောင်အယောင်များ၊ ဝတ်စားဆင်ယင်ပုံများကို မင်းခမ်းတော်စာတမ်းဟူ၍ သီးခြားဖော်ပြခဲ့လေသည်။


ထိုအရေးတော်ပုံကျမ်းများနည်းတူ အခြားသောအရေးတော်ပုံကျမ်းတစ်စောင်ရှိသည်။ ယင်းမှာ ဓမ္မစေတီအရေးပုံဖြစ်သည်။ အရေးတော်ပုံဟု အမည်မပေးခဲ့ပေ။ ဓမ္မစေတီအရေးပုံမှာ ဓမ္မစေတီမင်း အတ္ထုပ္ပတ္တိစာတမ်းဟူ၍ အမည်ပေးခဲ့သည်ကိုတွေ့ရသည်။ ထို့အပြင် အခြားမူကွဲအဖြစ် ဓမ္မစေတီဖြတ်ထုံးဟူ၍လည်း တွေ့ရသည်။

ဓမ္မစေတီ အတ္ထုပ္ပတ္တိစာတမ်းကို အခြေခံ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဓမ္မစေတီဝတ္ထုကို ရေးသားခဲ့သည်။ သို့သော် ဓမ္မစေတီမင်းအတ္ထုပ္ပတ္တိကို အစမှအဆုံးတိုင်မရေးဖြစ်ခဲ့ပေ။ ဓမ္မစေတီဝတ္ထု ပထမတွဲအဆုံးတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အောက်ပါအတိုင်း ရေးခဲ့လေသည်။

"အထူးနှလုံးသွင်းရန်။ ဤစာအုပ်တွင် ဓမ္မစေတီမင်းတိုင်းပြည်အုပ်ချုပ်ပုံ၊ သာသနာတော်ပြုစုပုံ၊ ၎င်းမင်းတရားစီရင်ပုံအလုံးစုံတို့ အကုန်မပါနိုင်ချေ။ ၎င်းမင်း နန်းတက်သည်ကစ၍ သားတော်ဗညားရံကသတ်၍ နတ်ပြည်စံလွန်တော်မူသည့်တိုင်အောင် ဓမ္မစေတီမင်းတရားစီရင်ခန်းစာအုပ်ကို ရေးသားဆဲပင်ဖြစ်လေသတည်း။"

ထိုသို့ အမှာအကြားပြုခဲ့သော်လည်း ဓမ္မစေတီမင်းတရားစီရင်ခန်းမှာ စာအုပ်အဖြစ် ထွက်မလာခဲ့ပေ။

ယခု ဓမ္မစေတီအရေးပုံမှာလည်း ဓမ္မစေတီအတ္ထုပ္ပတ္တိပြီးပြီဟု ဆိုထားသော်လည်း စာကမပြီးသေး။ လက်စွပ်ကောက်ရမှု တရားစီရင်ခန်းတွင် ဆုံးနေသည်။




နတ်ရွာစံခန်းအထိပါသော ဓမ္မစေတီမင်းအတ္ထုပ္ပတ္တိကို ယခုတိုင် မတွေ့ရသေးပေ။

မည်သို့ပင်ဆိုစေကာမူ ယခုတွေ့ရသော ဓမ္မစေတီအရေးပုံမှာ စာပေတစ်ရပ်အနေဖြင့် တန်ဖိုးကြီးမားလှသည်။ အကြောင်းမှာ စကားပြေအရေးအသားဖွံ့ဖြိုးမှုအားနည်းခဲ့သော မြန်မာစာပေသမိုင်းတွင် ဓမ္မစေတီအရေးပုံသည် စကားပြေအင်အားသစ်တစ်ရပ်ဖြစ်လေသည်။ ရာဇာဓိရာဇ်အရေးတော်ပုံ စကားပြေနှင့် ယှဉ်နိုင်သည်။ စကားပြေရေးသူ၏ စကားတွင်ဖြစ်စေ၊ ဝတ္ထုဇာတ်လမ်းပါ ပုဂ္ဂိုလ်များ၏ ကံသုံးပါးအမူအရာတို့တွင်ဖြစ်စေ စာရေးသူသည် ဓမ္မစေတီမင်းကြီးနှင့် ဓမ္မစေတီမင်းကြီးပတ်ဝန်းကျင်တွင် ကျင်လည်ခဲ့ကြသော ထိုထိုပုဂ္ဂိုလ်တို့၏ စရိုက်သဘာဝကို ဖော်ထုတ်နိုင်စွမ်းရှိသည်။

စာရေးသူသည် စာရေးမှုအတတ်ပညာ၌ ကျွမ်းကျင်လှသောကြောင့်ဖြစ်သည်။ ဝတ္ထုအဖွင့်တွင် ဆိုထားသည့် ဓမ္မစေတီမင်းအဖွဲ့သည် လေးစားထိုက်သော အရေးအဖွဲ့ဖြစ်သည်။

"ထိုဓမ္မစေတီမည်သော မင်းသည်ကား ပတ္တမြားရတနာနှင့်လည်းတူ၏။ ကြာနှင့်တူ၏။ အဘယ်ကြောင့်တူသနည်းဟူမူကား မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီသုံးဆယ်တို့ကို ဖြည့်တော်မူပြီးသည်မှ ဗောဓိပင်၌ မာန်ငါးပါးကို အောင်တော်မူ၍ လောကုတ္တရာကိုးပါးနှင့် သဗ္ဗညုအဖြစ်သို့ရောက်တော်မူပြီးမှ သံသရာတည်းဟူသော ဝဋ္ဋတရား၌နစ်မွန်းသော သတ္တဝါတို့အား မဟာကရုဏာတော်ဖြင့် နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တည်းဟူသော အမြိုက်တရားကို သောက်စေတော်မူ၍ လည်းကောင်း၊ မယ်တော်မိနတ်သားအား နို့ဖိုးတည်းဟူသော မြီကိုဆပ်တော်မူလို၍လည်းကောင်း တာဝတိံသာသို့ တက်တော်မူသောအခါ ပန်းတို့တွင် ကြာသည်လျှင်ကမ္ဘာဦးက ပေါ်လေသည်ဖြစ်သောကြောင့် ကြာသည်လျှင်မြတ်ပေ၏။

ထို့ကြောင့် ကြာ၌လျှင်ခြေတော်ကို ချလေသည်ဖြစ်၍ ကြာသည်လျှင်ပန်းတကာတို့ထက် မြတ်ထွတ်ပေသကဲ့သို့ ဓမ္မစေတီမည်သောမင်းသည် ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်သာသနာကို ထမ်းပိုးရွက်ဆောင်ပေသောကြောင့်လည်းကောင်း၊ ရတနာသုံးပါးအား ကြည်လင်လေးမြတ်ခြင်းကြောင့်လည်းကောင်း ကြာနှင့်တူ၏။ တစ်နည်းလည်း ကြာသည် ရေညွန်ကို မှီ၍ဖြစ်လျက် ရေညွန်၏အနံ့အရသာနှင့်လည်းမတူ။ ရေညွန်ကို အာရုံမပြုဘဲမူ၍ နေကိုသာ အာရုံပြုလေသကဲ့သို့ မိမိတို့အနွယ်ဝံသ အာရုံမပြုမူ၍ ရှေးမင်းတို့၏ ကျင့်သောတရားကိုသာ အာရုံပြုလေသောကြောင့်လည်း ကြာနှင့်တူ၏။ ပတ္တမြားရတနာနှင့် အသို့တူသနည်းဟူမူကား ညွန်၌နစ်၍ရှိသော ပတ္တမြားကို ညွန်မှဖော်၍ ပွတ်သပ်ဆေးကြောလတ်လျှင် မင်းအစရှိသောသူတို့ မကိုင်ရှုတန်ဆာဆင်ရာဖြစ်စေသကဲ့သို့ လည်းကောင်း၊ ပတ္တမြားရတနာသည် ရေနောက်မြုနည်ကို ကြည်စေသကဲ့သို့ ခပ်သိမ်းသောသူတို့၏ မာန်ကို ဆုံးမနှိမ်နင်း၍ မင်းအဖြစ်သို့ရောက်တော်မူသောကြောင့် ပတ္တမြားရတနာနှင့်လည်းတူပေ၏။"

ဓမ္မစေတီမင်းကို ကြာနှင့်လည်းကောင်း၊ ပတ္တမြားနှင့်လည်းကောင်း နှိုင်းဆိုထားပုံကို တွေ့ရလေသည်။ ဓမ္မစေတီမင်းအရေးပုံတွင် တရားစီရင်ရေး၊ ခက်ခဲနက်နဲသည့် အမေးများကို ဖြေဆိုရေး ဉာဏ်ရည်၊ နှလုံးရည်အဖွဲ့ကများသည်ကို တွေ့ရသည်။

မြန်မာမင်းများ အရေးတော်ပုံများတွင် ဓညဝတီအရေးတော်ပုံမှာ ရခိုင်ဓညဝတီမင်းဆက်တို့ အဖြစ်အပျက်နှင့် ထိုမင်းများလက်ထက်တို့တွင် ပေါ်ထွန်းခဲ့သော ပညာရှိအမတ်ကြီးတို့၏ လျှောက်ထုံးများကို ဖော်ပြခဲ့သည်။ ဓညဝတီအရေးတော်ပုံလာ အမတ်ကြီးမဟာပညာကျော်၏ လျှောက်ထုံးများကို မဟာပညာကျော်လျှောက်ထုံးဟူ၍ သီးခြားထုတ်ဝေထားလေသည်။

ထို့အတူ ဓမ္မစေတီအရေးပုံပါ အမတ်ဒိန်ဖြတ်ထုံးကို ဆရာဦးသော်ဇင် ပြုစုသော ဓမ္မသတ်ပုံပြင်များတွင် ထည့်သွင်းဖော်ပြခဲ့သည်။ အမတ်ဒိန်ဖြတ်ထုံးကို ဓမ္မစေတီမင်းအတ္ထုပ္ပတ္တိကျမ်းမှ ကောက်နုတ်ဖော်ပြပါသည်။ အမတ်ဒိန်အကြောင်းကို အမတ်ဒိန်ဖြတ်ထုံး နိဒါန်းအနေဖြင့် ဖော်ပြပါမည်။

ထိုအချက်အလက်များကို ဓမ္မစေတီ အတ္ထုပ္ပတ္တိကျမ်းက ယူသည်ဟု ဆိုခဲ့လေသည်။

ဓမ္မစေတီအရေးပုံတွင် ဓမ္မစေတီမင်းကြီး၏ တရားစီရင်ထုံးများကို မွန်ဘာသာဖြင့် ဓမ္မစေတီအတ္ထုပ္ပတ္တိတွင် သုံး၊ လေးခုမျှသာ တွေ့ရပြီး မြန်မာဘာသာမူတွင် တရားစီရင်ပုံ ၂၀ ကျော်ကို ဖော်ပြထားသည်။ ဓမ္မစေတီမင်းကြီး၏ တရားစီရင်ပုံများမှာ ထူးကဲလှသည်။ သမာသမတ်ကျအောင် စီရင်တတ်ပေသည်။ ထို့ကြောင့် ခွေးကိုက်မှုအရေးပုံတွင် ဓမ္မစေတီမင်းကြီး တရားစီရင်ပုံကို တင်ပြလိုက်ပါသည်။

"တစ်ရံရောအခါတုံ အဲဂမြောင်ဟူသော သူ၏သားနှင့် ပိုက်ကမန်ဟူသော သားတို့ကစားရာမှာ ပိုက်ကမန်ဟူသော ကျွန်ခွေးသည် ကိုက်လေသောကြောင့် အဲဂမြောင်သည် ပိုက်ကမန်ကျွန်ကို များစွာထောင်းခတ် သတ်ပုတ်လေသောကြောင့် ပိုက်ကမန်သည် မင်းဓမ္မစေတီကို လျှောက်လေ၏။ မင်းဓမ္မစေတီသည်လည်း "ပိုက်ကမန်ကျွန်ကို မင်းဘယ်ကြောင့် ထောင်းသတ်သည်နည်း"ဟု အဲဂမြောင်ကို မေးတော်မူ၏။

အဲဂမြောင်လည်း "အကျွန်ုပ်သားကို ကျွန်မင်း ကျွန်ခွေး ကိုက်လေသောကြောင့် အကျွန်ုပ် ပုတ်ခတ်မိသည်ဟုတ်တည့်"ဟု လျှောက်လျှင် မင်းဓမ္မစေတီသည် ဤသို့မိန့်တော်မူ၏။

"အကြင်သူကို ခွေးသည် လမ်းလယ်ကောင်သို့ထွက်၍ ခြေချင်းတွင် ကိုက်လေမူ ငွေတစ်ကျပ်၊ ပုဆစ်တွင် ကိုက်လေမူ ငွေနှစ်ကျပ်၊ ပေါင်တွင်ကိုက်လေမူ ငွေသုံးကျပ်၊ ခါးကိုကိုက်လေမူ ငွေ လေးကျပ်၊ ဝမ်းကိုကိုက်လေမူ ငွေငါးကျပ်၊ လည်ကိုကိုက်လေမူ ငွေခြောက်ကျပ်၊ မျက်နှာကိုကိုက်လေမူ ငွေ ခုနစ်ကျပ်၊ ခေါင်းကို ကိုက်လေမူ ငွေရှစ်ကျပ် ခွေးရှင်လျော်ရသည်။ ချောင်း၊ မြောင်းတွင် ကိုက်၍ သေလေမူအပြစ်မရှိ"ဟူ၍ ဆိုလေသည်။

အဲဂမြောင်သားကိုလည်း မြောင်းဝယ် ရေကစားရာ၌သာ ကိုက်လေသည်။ သို့ကိုကား အဲဂမြောင်သည် "ငါ့သားကို ပေါက်ရှအောင်ခွေးကိုက်လေသည်"ဟု ခွေးသခင်ကို မပုတ်မခတ် မသတ်ကောင်းတကား၊ ဆိုလိုစဆုံး ခွေးသခင်သည် ခွေးကိုသတ်ပစ်၍ ကိုယ့်သားကို ဆေးဝါးတင်ရုံသာတကား။ သို့ဖြစ်၍ အဲဂမြောင်သည် ခွေးသခင်ကို ငွေရှစ်ကျပ်လျော်လေ"ဟု မိန့်တော်မူ၏။"

ဓမ္မစေတီအရေးပုံ၌ ဓမ္မစေတီမင်းကြီး စီရင်ဆုံးဖြတ်ခဲ့သော အရေးပုံ ၄၄ ခုကို တွေ့ရသည်။ ထိုအရေးပုံများတွင် တချို့အရေးပုံများ ထူးခြားသည်ကို တွေ့ရသည်။ ဥပမာ ၁၊၂၊၃၊၄၊၅၊၆၊၇၊၈၊၉၊၁၀ အရေးပုံတွင် ကျေးမင်းကစေလွှတ်၍ ဟောသည်ကို မင်းဓမ္မစေတီက ဖြေကြားပုံကို ကျေးမင်းတို့ သဘောကျနှစ်ခြိုက်၍ ပတ္တမြားဆွယ်၊ ပုလဲဆွယ်နှင့် ကျေးစည်တစ်စုံဆက်၏ဟု တွေ့ရသည်။ ကျေးစည်တစ်စုံကို ထွက်စည်၊ ဝင်စည်ပြု၍ တီးမှုတ်စေ၏။

ယင်းသောကြောင့် ယခုတိုင်အောင် 'ကျေးစည်' ဟူ၍ ခေါ်ဝေါ်ကြကုန်၏ဟု ဆိုလေသည်။

'ဓမ္မစေတီအရေးပုံ'ကို ပန်းရွှေပြည်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိထားခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ယခုတွေ့ရသော ဓမ္မစေတီအရေးပုံမှာ စာပေတစ်ရပ်အနေဖြင့် တန်ဖိုးကြီးမားလှသည်။ အကြောင်းမှာ စကားပြေအရေးအသားဖွံ့ဖြိုးမှုအားနည်းခဲ့သော မြန်မာစာပေသမိုင်းတွင် ဓမ္မစေတီအရေးပုံသည် စကားပြေအင်အားသစ်တစ်ရပ်ဖြစ်လေသည်။ ရာဇာဓိရာဇ်အရေးတော်ပုံ စကားပြေနှင့် ယှဉ်နိုင်သည်။ စကားပြေရေးသူ၏ စကားတွင်ဖြစ်စေ၊ ဝတ္ထုဇာတ်လမ်းပါ ပုဂ္ဂိုလ်များ၏ ကံသုံးပါးအမူအရာတို့တွင်ဖြစ်စေ စာရေးသူသည် ဓမ္မစေတီမင်းကြီးနှင့် ဓမ္မစေတီမင်းကြီး ပတ်ဝန်းကျင်တွင် ကျင်လည်ခဲ့ကြသော ထိုထိုပုဂ္ဂိုလ်တို့၏ စရိုက်သဘာဝကို ဖော်ထုတ်နိုင်စွမ်းရှိသည်

## အောင်ဘာလေထီ ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၂၆**

လာမည့် နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည့် (၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအတွက် ထီလက်မှတ်များ ခွဲဝေရောင်းချခဲ့ရာတွင် ရောင်းမကုန် ထီလက်မှတ်အုပ်ရေ ၉ ထောင်ကျော် ကျန်ရှိနေပြီး ဆုမဲပေါင်း ၁၂၀၀၀၀ ကျော် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှသိရသည်။

(၈)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ထီအရောင်းကိုယ်စားလှယ်များ၏ ထီလက်မှတ် အမှာစာများအတိုင်း ရောင်းချခဲ့သော်လည်း ရောင်းမကုန် ထီလက်မှတ်အုပ်ရေ ၉၈၃၄ အုပ် ကျန်ရှိနေကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ရောင်းမကုန် ထီလက်မှတ်အုပ်တွေကျန်နေသေးတယ်။ ရောင်းမကုန် ထီလက်မှတ်ထဲက ဆုမဲထွက်ပေါ်လာခဲ့ရင် အခြားသင့်တော်တဲ့ ဆုမဲများကို ပြန်လည်ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

**(ဆုနှင်းလှဲ့)**

## စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သီးခြားစီတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် စာပေညီလာခံ ၂၀၁၇ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးဦးနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကော်မတီအဖွဲ့ဝင်များက ဒီဇင်ဘာ ၁၂ ရက်တွင် စာပေညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း၊ စားပွဲဝိုင်းဆွေးနွေးပွဲများ (Panel Discussion)ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ခန်းမတွင် ဒီဇင်ဘာ(၁၃၊ ၁၄၊ ၁၅) ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပါကြောင်း၊ စာပေအဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားပြု ဆွေးနွေးသူများ ပါဝင်မည်ဖြစ်ပြီး တစ်သီးပုဂ္ဂလရပ်တည်လျက်ရှိသော စာရေးဆရာများ၊ အစုအဖွဲ့များလည်း ပါဝင်ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲရလဒ်များကို ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် စာပေညီလာခံ ၂၀၁၇ သို့ တင်သွင်းပြီး တက်ရောက်လာသူများ၏ မဲပေးဆုံးဖြတ်ချက်ရယူမည်ဖြစ်ပါကြောင်း၊ စာပေညီလာခံကျင်းပရေး လှုံ့ဆော်မှု အစီအစဉ်များအဖြစ် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ညနေ ၄ နာရီမှ စတင်ကာ စာအုပ်ဈေးပွဲတော်၊ ပန်းချီပြပွဲ၊ ဉာဏ်စမ်းအမေးအဖြေပြိုင်ပွဲ၊ စာပေဟောပြောပွဲ အစီအစဉ်များ ပါဝင်ကျင်းပမည်ဖြစ်ပါကြောင်း၊ ညီလာခံ တက်ရောက်လိုသူများ အနေဖြင့် စာပေညီလာခံကျင်းပရေး ကော်မတီ ရုံးခန်းတည်ရှိရာ Yangon Book Plaza လမ်းမတော် သံဈေး (၅) လွှာရှိ ရုံးခန်းသို့ဖြစ်စေ၊ ဖုန်း- ၀၉-၄၂၅၀၂၉၅၅၉ သို့ ဖြစ်စေ၊ sarpaynyilarkhan2017@gmail.com သို့ ဖြစ်စေ ဆက်သွယ်နိုင်ရေး သတင်းထုတ်ပြန်ထားရှိကြောင်းတို့ကို တင်ပြဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနားတား နီကိုလာလေ့ဒ် ဒက်ဆဲလ် လီယန်အား မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ယင်းတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို သက်ဆိုင်သူများအားလုံး ပြည့်ပြည့်စုံစုံသိရှိအောင် ထုတ်ပြန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❑

## NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အချက်ပေါင်း ၂၁ ချက်ကို တင်ပြဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၆**

နိုင်ငံတော်အစိုးရနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပသည်။



အစည်းအဝေးတွင် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တင်ပြသည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအချက် ၂၁ ချက်ကို ဆွေးနွေးနိုင်ခဲ့ပြီး ညနေ ၆ နာရီတွင် အစည်းအဝေးကို ရပ်ဆိုင်းခဲ့သည်။ အစည်းအဝေးကို မူလက သုံးရက်တာကျင်းပရန်စီစဉ်ထားသော်လည်း ကျန်ရှိသည့်အချက်များကို ခေါင်းဆောင်အသီးသီးထံ ပြန်လည်တင်ပြရန်အတွက် နှစ်ရက်တာဖြင့် အပြီးသတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးအပြီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ NCA အကောင်အထည်ဖော်မှု ပြန်လည်သုံးသပ်ခြင်းဆိုင်ရာအလုပ်အဖွဲ့ခေါင်းဆောင် ရဲဘော်သံခဲနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

ရဲဘော်သံခဲက"ကျွန်တော်တို့ကိုယ်တိုင် မပြီးပြတ်နိုင်တဲ့ ကိစ္စတွေ အစည်းအဝေးခန်းထဲမှာရှိပါတယ်။ ကျွန်တော်သတိထားမိတာက ဒီနေ့အစည်းအဝေးဟာ အနာဂတ်ကို တည်ဆောက်ဖို့ ရည်ရွယ်တာပါ။ အနာဂတ်ဟာ အားလုံးပိုင်ဆိုင်ပါတယ်။ ကျွန်တော်တို့အနာဂတ်ဟာ အားလုံးနည်းတူရှိနေတဲ့ ပါဝင်ပတ်သက်နေသူတွေအားလုံးရဲ့ အဆုံးအဖြတ်ကပဲ တစ်စုံတစ်ရာသက်ရောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီနေ့ဆုံးဖြတ်တဲ့အထဲမှာ အခက်အခဲတွေကို ဒီထက်အနေအထားမြင့်တဲ့ ခေါင်းဆောင်တွေ၊ ဆုံးဖြတ်နိုင်ခွင့်ရှိတဲ့ ခေါင်းဆောင်တွေရဲ့ အမြော်အမြင်ရှိမှုပေါ်မှာ အများကြီးမူတည်နေတယ်လို့ အလေးအနက်ပြောကြားလိုပါတယ်။ တစ်ဖက်နဲ့တစ်ဖက်ကြားမှာ ပြိုင်ပွဲဆိုတာထက် ဘယ်လောက်စိတ်ရှည်သလဲ၊ သည်းညည်းခံနိုင်သလဲ၊ အနာဂတ်မှာအားလုံးအတွက် ဘယ်လိုလုပ်ပေးနိုင်မလဲဆိုတာက မူတည်လိမ့်မယ်လို့ အလေးအနက်ထား ပြောလိုပါတယ်" ဟုပြောသည်။

အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် နှစ်ရက်တာအစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတင်ပြသော NCA နှင့် ပတ်သက်သည့် အချက် ၂၁ ချက်အနက် အများစုကို ဆွေးနွေးနိုင်ခဲ့ပြီး အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ NCA အပေါ်ထားရှိသည့် အမြင်နှင့်သဘောထားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရခဲ့ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားသည်။

ဦးထွန်းထွန်းဦးက "နှစ်ရက်တာကာလ အစည်းအဝေးမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်တွေကနေ အဆိုပြုချက် ၂၁ ချက်ကို အဆိုပြုတယ်။ အဲဒီထဲမှာ တစ်ဝက်လောက်ကို အကျေအလည်ဆွေးနွေးနိုင်တယ်။ ကျန်တဲ့ အချက်တွေရဲ့ သဘောထားတွေကို သိရှိခွင့်ရတယ်။ ဒီအချက်အလက်တွေပေါ်မှာ တိုင်းရင်းသားခေါင်းဆောင်တွေက မြင်တဲ့အမြင်တွေ၊ သဘောထားတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရပြီး ကျွန်တော်တို့ဘက်က သဘောထားတွေကိုလည်း တိုင်းရင်းသား ခေါင်းဆောင်တွေကိုရှင်းပြနိုင်ခဲ့တယ်။ စုစည်းချက်သဘောထားတွေအပေါ်မှာ နှစ်ဖက်လုံးကလည်း ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ပြီး အထက်အဖွဲ့အစည်းတွေနဲ့နောင်ဆက်လုပ်မယ့် ပူးတွဲကော်မတီတွေအစည်းအဝေးတွေမှာ တင်ပြသွားနိုင်ဖို့ ဖြစ်ပါတယ်။ နှစ်ရက်အတွင်းမှာ ဆွေးနွေးခဲ့ရတဲ့အပေါ် နှစ်ဖက်လုံးက များစွာကျေနပ်ကြပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

"ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့လည်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအစည်းအဝေး၊ UPDJC အစည်းအဝေး၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JMC) အစည်းအဝေးတွေလုပ်ဆောင်ဖို့ သဘောတူညီထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အားရစရာနဲ့ တိုးတက်မှုရှိဖို့ ဝိုင်းဝန်းဆောင်ရွက်နေတယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ဆွေးနွေးမှုဟာ ရလဒ်တွေထွက်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟုပြောသည်။

NCA အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးက ရရှိလာသည့် ရလဒ်များအား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် ပြန်လည်၍ ဆွေးနွေးဆုံးဖြတ်ရန်အတွက် နေပြည်တော်တွင် ပြုလုပ်သည့် UPDJC အစည်းအဝေး ကျင်းပသည့်အခါတွင် ရက်သတ်မှတ်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များထံ ပြောကြားထားကြောင်း ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ် ဦးဇော်ဌေးက ပြောကြားသည်။

ဦးဇော်ဌေးက "အဓိကအားဖြင့် NCA မှာပါတဲ့ သဘောတူညီချက်တွေကိုအကောင်အထည်ဖော်တဲ့ နေရာမှာ တစ်ဖက်နဲ့တစ်ဖက် ဘာတွေ အားနည်းချက်ရှိသလဲ။ တစ်ဖက်မှာ နိုင်ငံရေးဆွေးနွေးပွဲရှိတယ်။ တစ်ဖက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးရှိတယ်။ ဒီအပိုင်းတွေမှာ အပြုသဘောနဲ့ ဆက်လက်ပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတာကို အမြင်ချင်းဖလှယ်တယ်။ သဘောထားတွေစုစည်းတယ်။ အားလုံးပေါင်း ၂၁ ချက်ဆွေးနွေးတဲ့နေရာမှာ နှစ်ဖက်သဘောတူတဲ့အချက် တော်တော်များများလည်းရှိတယ်။ လာမယ့် UPDJC အစည်းအဝေးတွေ၊ ပစ်ခတ်တိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC ) အစည်းအဝေးတွေမှာ ပြန်ပြီးအကောင်အထည်ဖော်ဖို့ရှိတယ်။ နှစ်ဖက်အကြီးအကဲတွေကိုတင်ပြမယ်။ အဲဒါပြီးရင် UPDJC မှာရော JMC မှာပါ လိုက်နာသွားဖို့ ဖြစ်ပါတယ်"ဟုပြောသည်။

NCA စာချုပ်ပါ နိုင်ငံရေးဆွေးနွေးမှု မူဘောင် (framework)၊ လုပ်ထုံးလုပ်နည်းToRနှင့် တည်ဆောက်မှု (Structure) အပိုင်းများနှင့် ပတ်သက်၍ နေပြည်တော်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း ဦးဇော်ဌေးထံမှ သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးတင်ပြခြင်းအခမ်းအနား ကျင်းပ


**နေပြည်တော် အောက်တိုဘာ ၂၆**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ "မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လက်ရှိရင်ဆိုင်နေရသော အခက်အခဲများကို ဆွေးနွေးတင်ပြခြင်း"အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင် ထမင်းစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် တာဝန်ရှိသူများက မြန်မာ့ရုပ်ရှင်လောကနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





# မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး မစ္စ ရီနာတား နီကိုလာလော့ဒ်ဒက်ဆဲလ် လီယန်အား ယနေ့ နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်မှုအခြေအနေများ၊ ကုလသမဂ္ဂအနေဖြင့် မျှတစွာရပ်တည်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအခြေအနေအရပ်ရပ်ကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများအပေါ် အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ASEAN+3 နိုင်ငံများရှိ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်ဒေသများအတွက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ "ASEAN+3 နိုင်ငံများရှိ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်ဒေသများတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ Bagan Hotel ၌ အောက်တိုဘာ ၂၄ ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အာဆီယံအပေါင်းသုံးနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပမှ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် ASEAN+3 နိုင်ငံများအားလုံးနှင့် သက်ဆိုင်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝခြင်းနှင့် မတူကွဲပြားသော အမွေအနှစ်များအား ပိုင်ဆိုင်ကြသည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်ရေးသည် နိုင်ငံများနှင့် လူမျိုး၏ ကိုယ်ပိုင်လက္ခဏာများကို မြှင့်တင်ဖို့ အထောက်အပံ့ဖြစ်ပြီး လူသားတို့၏ ဖန်တီးတီထွင်နိုင်စွမ်းနှင့်မတူ ကွဲပြားချက်များကို မြှင့်တင်ခြင်းတို့ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်မှာဖြစ်ပါကြောင်း။

အာဆီယံလူမှု-ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း၏ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အလို့ငှာ ASEAN+3 နိုင်ငံများနှင့်အတူ ဆက်သွယ်ရေးကွန်ရက်နှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ အနုပညာနှင့် အသုံးအဆောင်ပစ္စည်းများကို ထိန်းသိမ်းရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ ဆက်သွယ်ရေးကွန်ရက်များနှင့် ဖလှယ်ခြင်းများကို မြှင့်တင်ရန်၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နေရာများ၊ အထူးသဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များ၏ စီမံခန့်ခွဲမှုအပေါ် စိတ်ကူးများ၊ မဟာဗျူဟာများ၊ အတွေ့အကြုံများ၊ ကောင်းမွန်သော အလေ့အကျင့်များနှင့် ယဉ်ကျေးမှုဆိုင်ရာ သတင်းအချက်အလက်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါကြောင်း။

ယခုစီမံကိန်းသည် ASEAN+3 နိုင်ငံများရှိ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နေရာများအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်သော ယဉ်ကျေးမှုဆိုင်ရာ သတင်းအချက်အလက်များ ထောက်ပံ့ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါကြောင်းနှင့် ASCC Blueprint တွင် ဖော်ပြထားသည့် အာဆီယံယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အမွေအနှစ်စီမံခန့်ခွဲရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရာတွင်လည်း ကူညီထောက်ပံ့မှုများပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ၌ ASEAN+3 နိုင်ငံများသည် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်ဒေသများ ပေါကြွယ်ဝသည့် နိုင်ငံများဖြစ်ပြီး အမျိုးသားရေးဆိုင်ရာ အမွေအနှစ်အမျိုးအစားအားလုံး၏ ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်သတ္တိများမှာ ထူးခြားထင်ရှားပြီး တန်ဖိုးမဖြတ်နိုင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ အမျိုးသားရေးဆိုင်ရာအမွေအနှစ်များသည် လူသားတို့၏ ယဉ်ကျေးမှုဆိုင်ရာပတ်ဝန်းကျင်တစ်ခုလုံး မတူကွဲပြားမှုများနှင့် ပေါများကြွယ်ဝမှုများကို အထောက်အပံ့ပေးနေပါကြောင်း၊ ယခုအခါတွင် ကမ္ဘာတစ်ဝန်းလုံး၌ သဘာဝနှင့် လူသားတို့ကြောင့် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို ကာကွယ်ရန်၊ ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်အလို့ငှာ အာဆီယံ ယဉ်ကျေးမှုဆိုင်ရာ အရာရှိများနှင့် ASEAN+3 နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် စနစ်တကျအရေးယူ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ASEAN+3 နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်စေရေး အဆင့်မြင့်အရာရှိကြီးများညီလာခံ ကျင်းပ






**နေပြည်တော် အောက်တိုဘာ ၂၆**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်း၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်သော ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်ရေးနှင့်သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများညီလာခံ High Level Conference on Gender Equality(SDG-5)ကို နေပြည်တော် MICC-2 ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါညီလာခံသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (National Strategic Plan For the Advancement of Women-NSPAW) (2013-2022) ကိုရေးဆွဲထားရှိပြီး ကျား၊ မရေးရာအစီအစဉ်များ ကျား၊ မ တန်းတူညီမျှစေရေးအတွက် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းစဉ်များ၊ အမျိုးသမီးများရရှိသင့်သည့် အခွင့်အရေးများကို လူတိုင်းအကျုံးဝင်ခံစားခွင့်ရရှိရန်နှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အမှတ်စဉ်(၅)၏ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကျန်ရှိနေသည့် ငါးနှစ်တာကာလအတွက် မူဝါဒဆိုင်ရာအကြံပြုချက်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

နည်းပညာပိုင်းဆိုင်ရာတွင်လည်း လုပ်ငန်းအဖွဲ့လေးဖွဲ့ ဖွဲ့စည်းထားရှိပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ရေး၊ အမျိုးသမီးများ နိုင်ငံရေးနှင့်စီးပွားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ရေး၊ ကျား၊ မ ရေးရာ အမြင်ထည့်သွင်းစဉ်းစားရေးနှင့် အမျိုးသမီးများ ငြိမ်းချမ်းရေး၊ လုံခြုံရေးတို့နှင့် စပ်လျဉ်း၍ ကဏ္ဍငါးခုဖြင့်ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ထို့ပြင်အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကိုဖွဲ့စည်းထားရှိပြီး ယင်းကော်မတီတွင် အမျိုးသမီးများနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းအားလုံးပါဝင်ပါကြောင်း၊ အဆိုပါကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များ၊ အရပ်ဘက်အသင်းအဖွဲ့များ ပူးပေါင်းပြီး ဘေဂျင်းလုပ်ငန်းစီမံချက်အတိုင်း ဦးစားပေးလုပ်ငန်းနယ်ပယ်(၁၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းကိုးရပ်ဖြင့် လက်တွေ့ဖော်ဆောင်နေပါကြောင်းနှင့် ကျား၊ မ တန်းတူညီမျှရေးသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၇)ရပ်တွင် သီးခြားဖော်ပြခြင်းခံရသော ပန်းတိုင်တစ်ရပ်ဖြစ်ပြီး အမျိုးသမီးများပါဝင်သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် ခိုင်မြဲမှုရှိပြီးကြောင်းကို ကမ္ဘာ့နိုင်ငံအသီးသီးက လက်ခံကြပါကြောင်း၊ အမျိုးသမီးများကို ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ရာတွင် ပါဝင်ခွင့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်ပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် UEHRD စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်နေချိန်တွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုသည်လည်း အရေးပါပါကြောင်း၊ ASEAN နိုင်ငံများတွင် ဘဏ္ဍာရေးကဏ္ဍ၌ သီးခြားဘတ်ဂျက်များလျာထားပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ NSPAW လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ရည်မှန်းချက်နှင့် ညွှန်းဆိုချက်များကို စီမံကိန်းများတွင် ထည့်သွင်းခြင်းအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ကို အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်းနှင့် ယခုညီလာခံတွင်ဆွေးနွေးကြသည့်အချက်များသည် NSPAW နှင့်မည်သို့ဆက်စပ်သည်ကို တွေ့ရှိနိုင်မည်ဖြစ်ပြီး ဝန်ကြီးဌာနအလိုက် အမျိုးသမီးများစွမ်းဆောင်မှုနှင့် ကျား၊ မ တန်းတူညီမျှရေးအခြေအနေများကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့်ဖွဲ့စည်းထားပြီးဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ဦးဆောင်ပြီး အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုအဆင့်သာမက တိုင်းဒေသကြီး/ပြည်နယ်အဆင့်ထိ ဆောင်ရွက်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ထားပါကြောင်း၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်း၊ အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုများလျော့နည်းပပျောက်စေရေးနှင့် သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်မြင့်မားစေရေးတို့အတွက် ဆောင်ရွက်ရာတွင် သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာရပ်များကိုလည်း ရေးဆွဲသွားမည်ဖြစ်ပါကြောင်းနှင့် ယခုညီလာခံက အကြံပြုချက်များသည် မူဝါဒများဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မည့်သူများသိရှိနိုင်မည့် သတင်းအချက်အလက်များကို ပံ့ပိုးအကြံပြုခြင်း၊ ဘဏ္ဍာငွေလျာထားသတ်မှတ်ခြင်းနှင့် အသုံးပြုသည့်နည်းလမ်းများကို ပြန်လည်ဆန်းစစ်ခြင်းတို့ကို တိုင်းတာနိုင်မည့် အညွှန်းကိန်းများကို သတ်မှတ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါညီလာခံကို အောက်တိုဘာ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသားလေကြောင်းပိုင် လေယာဉ်တစ်စင်း စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ပျံသန်းစဉ် လေတိုးဝင်၍ ပြန်ဆင်းသက်ခဲ့ရ

**စစ်တွေ အောက်တိုဘာ ၂၆**



မြန်မာအမျိုးသားလေကြောင်းလိုင်း (ခရီးစဉ်အမှတ် UB 206 သည်) ယနေ့ည ၇ နာရီ ၁၅ မိနစ်က စစ်တွေမြို့မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာ ပျံသန်းနေစဉ်အတွင်း လေယာဉ်မောင်းခန်း အတွင်းသို့ လေတိုးဝင်လာ၍ စစ်တွေလေဆိပ်သို့ ည ၇ နာရီ ၅၅ မိနစ်တွင် ပြန်လည်ဆင်းသက်ခဲ့ရပြီး လေယာဉ်ပြန်လည်ဆင်းသက်ချိန်တွင် လေယာဉ်နှင့်ခရီးသည်များ တစ်စုံတစ်ရာ ထိခိုက်မှုမရှိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

လေယာဉ်မှာ စစ်တွေလေဆိပ်မှ ထွက်ခွာပြီး လေထဲတွင် မိနစ် ၄၀ ခန့် ပျံသန်းကာ ထိုသို့လေယာဉ်မောင်းခန်းအတွင်း လေတိုးဝင်သည့်အတွက် ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ စစ်တွေလေဆိပ်တွင် လိုအပ်သော ပြန်လည်ပြုပြင်မှုများ ပြုလုပ်ကာ ည ၉ နာရီ ၁၇ မိနစ်တွင် ပြန်လည်ထွက်ခွာခဲ့ရာ ရန်ကုန်လေဆိပ်သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း လေဆိပ်လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါလေယာဉ်တွင် ပြည်တွင်းပြည်ပခရီးသည်နှင့် လေယာဉ်မောင်းအပါအဝင် စုစုပေါင်း ၉၇ ဦး စီးနင်းလိုက်ပါခဲ့ပြီး လေယာဉ်ခေတ္တရပ်နားစဉ် ခရီးသည် ၃၄ ဦးမှာ မိမိဆန္ဒအလျောက် ရန်ကုန်သို့ လိုက်ပါခြင်းမရှိဘဲ စစ်တွေလေဆိပ်တွင် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာ ယူ-၁၉ အသင်း ကမ္ဘောဒီးယားကို မထင်မှတ်ဘဲရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၆**

၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စု (ဆ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို မထင်မှတ်ဘဲ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ သုံးဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးနည်းသွားခဲ့ပြီး နောက်ဆုံးပွဲတွင် တရုတ်အသင်းကို အနိုင်ရမှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ယခုခြေစစ်ပွဲတွင် ကစားပုံ သိသိသာသာ ကောင်းမွန်လာသည့် ကမ္ဘောဒီးယားအသင်းသည် တရုတ်အသင်းကို တစ်ဂိုးဖြင့်သာ ရှုံးနိမ့်ခဲ့သလို ယခုပွဲတွင် မြန်မာအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲတွင် တရုတ်အသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တရုတ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ကမ္ဘောဒီးယားနှင့် မြန်မာအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီနှင့် ဖိလစ်ပိုင်အသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**(ရဲရင့်ရှိုင်း)**

## ပြုပြင်ပြောင်းလဲရေးမှ

ကမ္ဘာ့ဘဏ်အုပ်စုမှ Star Reformers Award၊ Strong Reformers Award နှင့် Aspiring Reformers Award စသည့် ဆုအမျိုးအစားသုံးမျိုး ချီးမြှင့်ခြင်းဖြစ်ပြီး Star Reformers Award သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အသိသာအထင်ရှားဆုံးပြုလုပ်နိုင်သည့် နိုင်ငံများအား ချီးမြှင့်သည့် အမြင့်ဆုံးဆုအမျိုးအစား ဖြစ်သည်။ ယခုနှစ်တွင် Star Reformers Award ကို မြန်မာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့မှ ရရှိခဲ့ခြင်း ဖြစ်သည်။

**(သတင်းစဉ်)**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှ

ဆင်နွဲပျော်"တေးသီချင်းဖြင့် ကပြဖျော်ဖြေသည်။ ထို့နောက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လွှတ်တော် ... စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်းတို့က တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မီးရှူးမီးပန်းများပစ်ဖောက်ကာ စိန်နားပန်မီးပုံးပျံအကြီးနှစ်လုံးနှင့် မီးပုံပျံငယ်အလုံး ၂၅၀၀ တို့ကို လွှတ်တင်ခဲ့သည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်တွင် ညလွှတ် ညမီးကြီး ၈၈ လုံး၊ စိန်နားပန် ၃၉ လုံးနှင့် နေ့လွှတ်အရုပ်ခြေနှစ်ချောင်း ၁၄၄ လုံး၊ ခြေလေးချောင်း ၇၂လုံး၊ အုပ်စု အလုံး ၅၀၊ ညလွှတ်မီးပုံးပျံ စုစုပေါင်း ၁၂၇ လုံး၊ နေ့လွှတ်အရုပ် စုစုပေါင်း ၂၆၆ လုံး၊ ညလွှတ်မီးပုံးပျံနှင့် နေ့လွှတ်အရုပ်စုစုပေါင်း ၃၉၃ လုံးကို လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရ သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကျောဖုံးမှ

လက်ရွေးစင် ဖူဆယ်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၁၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ခုနစ်ဂိုး၊ ဒုတိယပိုင်းတွင် ခြောက်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပြည့်ဖြိုးမောင်-၃ က သုံးဂိုး၊ စိုင်းပြုံးအောင်၊ အောင်အောင်နှင့် နိုင်ရဲကျော်တို့က နှစ်ဂိုးစီ၊ ငြိမ်းမင်းစိုး၊ လှိုင်မင်းထွန်း၊ အောင်ဇင်ဦးနှင့် ကျော်ကျော်ထွန်းတို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

# ရခိုင်ပြည်နယ်သတင်း

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား World Bank UNRC နှင့် ဥရောပကော်မရှင်တို့က သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား World Bank မှ Director for Myanmar,Cambodia and Lao PDR, Ms. Ellen Goldstein ကလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms.RenataDessallien ကလည်းကောင်း၊ ဥရောပကော်မရှင်မှ သံအမတ်ကြီး H.E. Mr. Kristian Schmidt က လည်းကောင်း ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံသည်။

World Bankအဖွဲ့နှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အရှိန်မြှင့်ဆောင်ရွက်နေသော လူသားချင်းစာနာကူညီမှုလုပ်ငန်းများ၊ ပြည်သူများ၏ အင်အားကို အဓိကထားပြီး မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများဖြင့်ဆောင်ရွက်မည့် UEHRD ၏ လုပ်ငန်းများတွင် World Bank အနေဖြင့် ကူညီထောက်ပံ့ပေးနိုင်မည့် နည်းလမ်းများနှင့် အကြံပြုချက်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာ စီမံချက်အရဆောင်ရွက်နေသည့် သက်ကြီးထောက်ပံ့ရေးလုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှမွေးဖွားလာသည့် ကလေးအသက် (၂)နှစ်အထိ ငွေကြေးထောက်ပံ့ပေးနေသည့် အစီအစဉ်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ဆက်လက်၍ တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Ms.RenataDessallien နှင့် တွေ့ဆုံပြီး UEHRD ၏ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆက်လက်၍ ဥရောပကော်မရှင်မှသံအမတ်ကြီး H.E. Mr. Kristian Schmidt နှင့် တွေ့ဆုံပြီး UEHRD စီမံကိန်းများအတွက် အလှူငွေနှင့်ထောက်ပံ့ရေး အစီအစဉ်များ၊ ပဋိပက္ခဒဏ်ခံပြည်သူများအတွက် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ လူသားချင်းစာနာကူညီမှု တိုးမြှင့်ပေးနိုင်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး၊ စနစ်တကျ ပြန်လည်နေရာချထားရေးနှင့် နောင်တွင် ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



## မောင်တောမြို့နယ် သစ်တိုးနားခွဆုံကျေးရွာအုပ်စုတွင် နေအိမ် ၈၆ လုံး ပြန်လည်တည်ဆောက်ရန် ပန္နက်တင်

**မောင်တော အောက်တိုဘာ ၂၆**

မောင်တောဒေသတွင် အကြမ်းဖက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် တိုင်းရင်းသားကျေးရွာများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်ပေးလျက်ရှိရာ သစ်တိုးနားခွဆုံကျေးရွာအုပ်စုတွင် နေအိမ် ၈၆ လုံး တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံမြို့တိုင်းရင်းသားများနှင့် တွေ့ဆုံကာ တိုင်းရင်းသားများအနေဖြင့် အရေးကြီးလျှင် သွေးနီးရန်နှင့် စည်းလုံးညီညွတ်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများကို အကူအညီပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့်လည်း အစိုးရ၏လုပ်ဆောင်ချက်များကို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြန်လည်ထူထောင်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေး၊ ဒေသဖွံ့ဖြိုးရေးစသည်တို့ကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုဆိုသည့် အဓိပ္ပာယ်ပေါ်လာအောင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ လာရောက်ကူညီကြမည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ပြနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားနေအိမ်များ တည်ဆောက်မည့်မြေနေရာတွင် ပန္နက်တိုင်များအသီးသီး စိုက်ထူပေးကြသည်။

သစ်တိုးနားခွဆုံ ကျေးရွာအုပ်စုတွင် ခရုချောင်း၊ မျောက်ခေါင်းတောင်၊ ပန်းချောင်း၊ အင်းချောင်း(အောက်) မြို့တိုင်းရင်းသားကျေးရွာများစုစည်းပြီး ပြန်လည်နေရာချထားပေးခြင်းဖြစ်ပြီး အိမ်ရာ ၈၆ လုံးအား တစ်ကွက်လျှင် ပေ(၄၀×၆၀)အကျယ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကျေးရွာရှိ ရွာမကျောင်းတိုက်ဆရာတော်နှင့် သခင်ယေရှုခရစ်အသင်းတော်မှ သင်းအုပ်ဆရာတော်တို့အား အလှူငွေများပေးအပ်လှူဒါန်းခဲ့သည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**



## မောင်တောမြို့၌ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ထပ်မံထုတ်ပြန်

**မောင်တော အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ ညမထွက်ရ အမိန့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အား အောက်တိုဘာ ၂၅ ရက်က ထပ်မံထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ယခင်ထုတ်ပြန်ခဲ့သော ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ်(၂/၂၀၁၇) အမိန့်အမှတ်မှာ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်တွင် (၂)ပြည့်မြောက်ပြီးဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရေးအတွက် ဆက်လက်ထုတ်ပြန်ရန်လိုအပ်ကြောင်း သုံးသပ်ရရှိသောကြောင့် မောင်တောခရိုင်အတွင်း အများပြည်သူတို့ သွားရာလမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ် (သို့မဟုတ်) အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် ငါးဦး(သို့မဟုတ်)ငါးဦးထက်ပိုသော လူများစုဝေခြင်း မပြုလုပ်နိုင်ရေးအတွက် ယခင်ကထုတ်ပြန်ခဲ့သော ညနေ ၆ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီ အချိန်အထိ ကာလအတွင်း ညမထွက်ရ အမိန့် ပုဒ်မ-၁၄၄ အား ထပ်မံထုတ်ပြန်လိုက်ကြောင်း ပါရှိသည်။ အဆိုပါ ထုတ်ပြန်ချက်မှာ ထုတ်ပြန်သည့်နေ့မှစ၍ နှစ်လပြည့်မြောက်သည်အထိ အတည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**

## မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေး လုပ်ငန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းလုပ်ငန်းစဉ်ကို ယခင်ကတည်းက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ် (မြောက်ပိုင်း) မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အောက်တိုဘာ ၂၅ ရက်အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၇၀၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၉၉ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၄ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၂၂ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process)အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်သတင်း

## မောင်တောဒေသအတွင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**မောင်တော အောက်တိုဘာ ၂၆**

မောင်တောမြို့နယ် အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှ အရာရှိနှင့် တပ်ဖွဲ့ဝင်များသည် လူကုန်ကူးမှုများမဖြစ်ပွားစေရေးအတွက် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ မြို့ဝင်ဂိတ်များ၊ အမြန်ယာဉ်ရေဆိပ်များတွင် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်တောမြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များ၊ လူစုလူဝေးရှိသည့် လမ်းဆုံလမ်းခွများ၊ စာသင်ကျောင်းများ၊ ကယ်ဆယ်ရေးစခန်းများ၊ ကျေးရွာအုပ်စုများတွင် လက်ကမ်းစာစောင်များဝေငှခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှ သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့များနှင့်လည်း ချိတ်ဆက်ကာ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း အမှတ်(၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်မှူး ရဲအုပ်စံမင်းက ပြောကြားသည်။

"လူကုန်ကူးမှုတားဆီးလုပ်ငန်းအနေနဲ့ သတင်းတွေကိုစုံစမ်းပါတယ်။ အလုပ်အကိုင်ကနေပြီးတော့ ရွာတွေကိုလာလာပြီးတော့ ဒီလိုအကြမ်းဖက်ဖြစ်ပွားတဲ့နေရာတွေမှာ လူကုန်ကူးသူတွေက အခွင့်အရေးလာယူပြီးတော့ ငွေကြေးမက်လုံးပေးပြီး ခေါ်တာမျိုးတွေရှိနိုင်ပါတယ်။ ဒါကြောင့်မို့ အဲဒီလိုလာခေါ်ပြီး လူကုန်ကူးမခံရအောင်တော့ သီးခြားအနေနဲ့ ရပ်မိရပ်ဖတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ တွေ့ဆုံအသိပေးတာရှိပါတယ်" ဟု တပ်ဖွဲ့စိတ်မှူး ရဲအုပ်စံမင်းက ပြောသည်။

၂၀၁၁ ခုနှစ်တွင် လူကုန်ကူးမှု တစ်မှု၊ ၂၀၁၅ခုနှစ်တွင် ၁၁ မှု၊ ၂၀၁၆ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်နှင့်ပတ်သက်၍ လူကုန်ကူးမှု သုံးမှု၊ ၂၀၁၇ ခုနှစ်တွင် နှစ်မှု ပေါ်ပေါက်ခဲ့ပြီး လူကုန်ကူးခံရသူအများစုမှာ အမျိုးသားများဖြစ်ပြီး ပြည်တွင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံများသို့ လူကုန်ကူးခံရမှုများကြောင်း သိရသည်။ **(သန့်ဇင်ဝင်း၊ နိုင်လင်းကြည်)**

## စစ်တွေမြို့ ယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ အောက်တိုဘာ ၂၆**

ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာပြီး စစ်တွေမြို့ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်း၌ ခေတ္တခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များအား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းတွင် ရာသီတုပ်ကွေးရောဂါ၊ ချောင်းဆိုး၊ နှာစေး၊ အရေပြားရောဂါ၊ ထိခိုက်ဒဏ်ရာရလူနာများနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကို အများဆုံးကုသပေးခဲ့ရကြောင်း၊ ကူးစက်ရောဂါဖြစ်ပွားမှုများ မရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထိန်လင်းအောင်က ပြောကြားသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထိန်လင်းအောင်နှင့် သူနာပြုဆရာ ဆရာမ သုံးဦးတို့က ခေတ္တနေရပ်စွန့်ခွာ ခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင် ၅၅ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း မြေပုံမြို့၌ ဖွင့်လှစ်

**စစ်တွေ အောက်တိုဘာ ၂၆**

မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် စနစ်တကျရေးဆွဲတတ်စေရန် ရည်ရွယ်ချက်ဖြင့် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှု ရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် မြေပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းကို ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက သင်တန်းသားများအနေဖြင့် ကိုယ့်ဒေသကိုယ့်ရပ်ရွာအတွက် အကျိုးရှိသောဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲနိုင်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကာ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုရန်ပုံငွေအဖွဲ့မှ သင်တန်းနည်းပြ ဦးဘဇံက သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

မြေပုံမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၅၀ ၌ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်းကို စုရပ်များခွဲ၍ ၁၀ ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ရာ ယခုသင်တန်းသည် ပထမဆုံးအကြိမ် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး ကျေးရွာ ၁၄ ရွာမှ သင်တန်းသား သင်တန်းသူ ၂၈ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ နှစ်ရက်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ပိုင်ရှင်မဲ့ ကျွဲ၊ နွားများထိန်းကျောင်းပြီး ကုသမှုပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြောက်ဦးခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် မောင်တောမြို့နယ် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာများသို့ သွားရောက်၍ ကျွဲ၊ နွားကူးစက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွား ခုနစ်ကောင်၊ ဆိတ် ၁၁ ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွား လေးကောင်၊ ဆိတ် ငါးကောင်နှင့် ငါးခူရ ပတ်ဝန်းကျင်ကျေးရွာရှိ နွား ကိုးကောင်၊ ဆိတ် ၁၄ ကောင်၊ စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားအကောင် ၂၀ နှင့် ဆိတ်အကောင် ၃၀ တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၁၇၂ ကောင်နှင့် ဆိတ် ၄၇၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဒေသခံရွာသားများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြောက်ကိုရီးယား နျူကလီးယားလက်နက် ရှင်းလင်းဖယ်ရှားရေးတွင် တရုတ်နိုင်ငံက ကူညီ၊ ရုရှားက ကဖျက်ယဖျက်လုပ်ဟု ထရန့်ပြော

**ဝါရှင်တန် အောက်တိုဘာ ၂၆**

မြောက်ကိုရီးယားလက်ဝယ်ရှိ နျူကလီးယားလက်နက်များကို ရှင်းလင်းဖယ်ရှားနိုင်စေရေးအတွက် အမေရိကန်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရုရှားက ကဖျက်ယဖျက်လုပ်နေကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အကယ်၍ အမေရိကန်ပြည်ထောင်စုသည် ရုရှားနိုင်ငံနှင့်ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်ခဲ့မည်ဆိုပါက မြောက်ကိုရီးယား နျူကလီးယားပြဿနာကို ပိုမိုလွယ်ကူစွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သမ္မတထရန့်က ဖောက်စ်ရုပ်မြင်သံကြားဌာန၏ အောက်တိုဘာ ၂၅ ရက် လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံက မိမိတို့ကို အကူအညီပေးလျက်ရှိသော်လည်း ရုရှားနိုင်ငံမှာမူ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေကြောင်း သမ္မတထရန့်က မှတ်ချက်ပြုပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံက လက်နက်စမ်းသပ်မှုများ ဆက်တိုက်ပြုလုပ်ခြင်းကြောင့်လည်းကောင်း၊ သမ္မတထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် အကြား နှုတ်လှံထိုး ဝေဖန်ပြောကြားမှုများကြောင့်လည်းကောင်း တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

မြောက်ကိုရီးယား၏ နျူကလီးယား အစီအစဉ်အား ထိန်းချုပ်နိုင်စေရေးအတွက် သမ္မတထရန့်က တရုတ်နိုင်ငံကို ဖိအားပေးခဲ့သည်။ မြောက်ကိုရီးယား၏ မဟာမိတ်တရုတ်နိုင်ငံသည် ယင်းနိုင်ငံနှင့်ပြုလုပ်သည့် ကုန်သွယ်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်အတွက် လုပ်ကိုင်နေသည့် နိုင်ငံဖြစ်သည်။

**ရိုက်တာ။**





# ဖင်လန်တွင် ရထားနှင့် စစ်သုံးယာဉ်တိုက်မိ လေးဦးသေဆုံးပြီး လူအချို့ ထိခိုက်ဒဏ်ရာရ

**ဟယ်ဆင်စကီ အောက်တိုဘာ ၂၆**

ဖင်လန်နိုင်ငံတောင်ပိုင်း၌ ယနေ့တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ရထားတစ်စင်းနှင့် စစ်ဘက်ထရပ်ကားတစ်စီး တိုက်မိမှုဖြစ်ပွားရာ လူလေးဦး သေဆုံးပြီး လူအချို့ ထိခိုက်ဒဏ်ရာရကြောင်း ဖင်လန်ရဲအဖွဲ့နှင့် စစ်ဘက်တို့က ပြောကြားကြသည်။

ဖင်လန်နိုင်ငံမြို့တော် ဟယ်ဆင်ကီ အနောက်ဘက် ကီလိုမီတာ ၉၀ (၅၆ မိုင်)အကွာ ရာဆေပိုရီမြို့အနီးရှိ သံလမ်းစောင့်မရှိသော ရထားလမ်းကူး ကားလမ်းတွင် ယင်းမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ စစ်ဘက်သုံးထရပ်ကားနှစ်စီးသည် ရထားလမ်းတစ်ဖက်ရှိ ၎င်းတို့၏ လေ့ကျင့်ရေးစခန်းသို့ သွားရောက်ရန် ရထားလမ်းကို ဖြတ်ကျော်စဉ် ရထားနှင့် တိုက်မိခြင်းဖြစ်သည်။

ရထားနှင့် စစ်ဘက်ထရပ်ကားတစ်စီး တိုက်မိမှုကြောင့် ထရပ်ကားပေါ်ရှိ တပ်သားသစ်သုံးဦးနှင့် ရထားစီး ခရီးသည်တစ်ဦးတို့ သေဆုံးခဲ့ရကြောင်း၊ တပ်သားသစ်သုံးဦးမှာ စစ်မှုမထမ်းမနေရ ဥပဒေအရ တပ်သားသစ်အဖြစ် တာဝန်ထမ်းဆောင်သူများဖြစ်ကြောင်း၊ ယင်းနေ့ နံနက်အစောပိုင်း၌ မိုးရွာသွန်းမှုနှင့် ဆီးနှင်းများ ကျဆင်းမှုတို့ကြောင့် လမ်းများ၏ အခြေအနေမှာဆိုးရွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းမတော်တဆမှုအတွင်း အပြင်းအထန် ထိခိုက်ဒဏ်ရာရသူ လေးဦးကို ဟယ်ဆင်ကီမြို့ရှိ ဆေးရုံသို့ တင်ပို့ခဲ့ပြီး သာမန်ထိခိုက်ဒဏ်ရာရသူ ခုနစ်ဦးကို ဒေသတွင်းရှိ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူစေခဲ့သည်။ ထိခိုက်ဒဏ်ရာရသူအားလုံး အခြေအနေတည်ငြိမ်မှုရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းမတော်တဆမှုကြောင့် သေကျေဒဏ်ရာရသူများနှင့် ၎င်းတို့၏ မိသားစုများထံသို့ ဖင်လန်သမ္မတနှင့် ဝန်ကြီးချုပ်တို့က ဝမ်းနည်းကြေကွဲကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည်။

**ရိုက်တာ။**

# အင်ဒိုနီးရှား၌ မီးရှူးမီးပန်းစက်ရုံ မီးလောင် အလုပ်သမား ၃၀ သေဆုံး၊ ၄၆ ဦးဒဏ်ရာရ

**ဂျကာတာ အောက်တိုဘာ ၂၆**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာအနီးရှိ တန်ဂါရန်းမြို့၌ တည်ရှိသော မီးရှူးမီးပန်းစက်ရုံတွင် ယနေ့ နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ၃၀ သေဆုံးပြီး ၄၆ ဦး ဒဏ်ရာရရှိကြောင်း ရဲအရာရှိတစ်ဦးက ပြောသည်။

သေဆုံးသူ ၃၀ ရှိကြောင်း၊ ဒဏ်ရာရသူများအနက် သေဆုံးမှုရှိလာနိုင်ကြောင်း အဆိုပါရဲအရာရှိက ထပ်မံပြောကြားသည်။

စက်ရုံတစ်ရုံလုံး မီးလောင်ကျွမ်းခဲ့ပြီး ကယ်ဆယ်ရေးသမားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီမှုများပြုလုပ်လျက်ရှိသည်။

ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှု ဖြစ်ပွားရကြောင်း၊ စက်ရုံအတွင်း သိုလှောင်ထားရန် မသင့်လျော်သည့် ကုန်ကြမ်းပစ္စည်းနှစ်ခုကြောင့် မီးလောင်ကျွမ်းရခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲအရာရှိက ပြောကြားသည်။

ဒဏ်ရာရရှိသူများ ဆေးကုသမှုခံယူရန် တန်ဂါရန်းမြို့ရှိ ဆေးရုံနှင့် ဂျကာတာမြို့ရှိ ရဲဆေးရုံတို့သို့ ပို့ဆောင်ခဲ့ရသည်။

**ဆင်ဟွာ။**






# နိုဘယ်လ်ဆုရှင် အိုင်းစတိုင်း၏ လက်ရေးမှတ်စု ဒေါ်လာ ၁ ဒသမ ၈ သန်းဖြင့် လေလံတင်ရောင်းချ

**ဂျေရုဆလင် အောက်တိုဘာ ၂၆**

နိုဘယ်လ်ဆုရှင် အယ်လ်ဘတ် အိုင်းစတိုင်း၏ လက်ရေးမူဖြင့် ရေးသားထားသည့် မှတ်စုစာရွက်နှစ်ရွက်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းဖြင့် လေလံတင်ရောင်းချလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အိုင်းစတိုင်း၏ လက်ရေးမူကြမ်းကို ဂျေရုဆလင်မြို့ရှိ လေလံတင်ပွဲတစ်ခုတွင် အောက်တိုဘာ ၂၅ ရက်က ရောင်းချခဲ့ကြောင်း သိရသည်။

နိုဘယ်လ်ဆုရှင် ရူပဗေဒပညာရှင် အယ်လ်ဘတ် အိုင်းစတိုင်းက ၁၉၂၂ ခုနှစ်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ The Imperial ဟိုတယ်တွင် လာရောက်တည်းခိုစဉ် အဆိုပါမှတ်စုများကို ရေးသားခဲ့ခြင်းဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် အယ်လ်ဘတ် အိုင်းစတိုင်းအား ရူပဗေဒဘာသာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်ခဲ့သည်။

အယ်လ်ဘတ် အိုင်းစတိုင်းရေးသားထားသည့် မှတ်စုတွင် "ရောင့်ရဲတင်းတိမ်မှုရှိသော တည်ငြိမ်အေးချမ်းသည့်ဘဝသည် အောင်မြင်မှုနောက်လိုက်ရင်း အချိန်ကုန်ခန်းနေသည့်ဘဝထက် ပျော်ရွှင်မှုကို ပိုမိုပေးစွမ်းနိုင်သည်" ဟု ပျော်ရွှင်မှုနှင့်ပတ်သက်ပြီး ၎င်း၏ထင်မြင်ယူဆချက်ကို ရေးသားထားသည်။

အခြားစာရွက်တွင် "လိုလျှင်ကြံဆ၊ နည်းလမ်းရ"ဟု ရေးသားထားသည်။

အယ်လ်ဘတ် အိုင်းစတိုင်း ဟိုတယ်တွင် လာရောက်တည်းခိုစဉ် ဧည့်ကြိုဂျပန်အမျိုးသားတစ်ဦးအား အပိုဆုကြေးငွေပေးမည့်အစား ၎င်း၏လက်ရေးမူဖြင့် ရေးသားထားသော မှတ်စုစာရွက်နှစ်ရွက်ကို ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဧည့်ကြို ဂျပန်အမျိုးသား၏ ဆွေမျိုးတော်စပ်သူတစ်ဦးက ယင်းစာရွက်နှစ်ရွက်ကို လေလံတင်ရောင်းချရန် လေလံပွဲသို့ ဆက်သွယ်ခဲ့ခြင်းဖြစ်ကြောင်း လေလံတင်ရောင်းချပွဲ အမှုဆောင်ဒါရိုက်တာက ဆိုသည်။ ယခုရောင်းချခဲ့သည့် မှတ်စုစာရွက်များသည် ပျော်ရွှင်မှုနှင့်ပတ်သက်ပြီး သိပ္ပံပညာရှင်တစ်ဦး၏ ထင်မြင်ယူဆချက်ကို ဖော်ပြသည့်အတွက် စိတ်ဝင်စားစရာ ကောင်းသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# နေမာအပေါ် ပီအက်စ်ဂျီအသင်းသားအများစု မကျေနပ်ကြသည့် အကြောင်းရင်း



ပီအက်စ်ဂျီတိုက်စစ်မှူး နေမာအပေါ် မကျေနပ်တာက ကာဗာနီတစ်ဦး တည်းမဟုတ်ဘဲ ပီအက်စ်ဂျီ ကစားသမား အာလုံးလိုလိုဖြစ်နေကြောင်း သိရပါတယ်။ ဒီလို မကျေနပ်မှုတွေက နေမာရဲ့ အမှားလို့ဆိုဖို့ထက် ပီအက်စ်ဂျီအသင်းကို စတင်ရောက်ရှိလာကတည်းက အခွင့်ထူးခံကြိုဆိုခံရမှုတွေ၊ အလေးထားခံရမှုတွေကြောင့် ကျန်ပီအက်စ်ဂျီကစားသမားတွေက ဒီအပေါ် စိတ်အနှောင့်အယှက်ဖြစ်ကာ နေမာအပေါ် မချေမငံဆက်ဆံဖို့ အမြဲစဉ်းစားနေကြတာဖြစ်ပါတယ်။

နေမာဟာ ပြီးခဲ့တဲ့ နွေဈေးကွက်က ဘာစီလိုနာကနေ ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ နဲ့ ရောက်ရှိလာသူဖြစ်ပြီး ပီအက်စ်ဂျီမှာလည်း အံ့အားသင့်ဖွယ် သွင်းဂိုးတွေကို သွင်းယူကာ ခြေစွမ်းပြနေသူ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းမှာ နေမာဟာ သီးသန့်ဆက်ဆံခံရတဲ့ အဆင့်တစ်ရပ်မှာ ရှိနေတာဖြစ်ပြီး လေ့ကျင့်ရေးကွင်းမှာဆို နေမာကို ကြမ်းကြမ်းတမ်းတမ်း ဖျက်ထုတ် ကစားခွင့်မပြုထားသလို တကယ့်ပွဲတွေမှာဆိုလည်း ခံစစ်ကို လိုက်ပါ ကူညီရတဲ့တာဝန်ကို မယူရတာ စတာတွေကလည်း နေမာ ရရှိထားတဲ့ အထူးအခွင့်အရေးတွေပါ။

ဒါ့အပြင် အခြားကစားသမားတွေက ကလပ်အသင်းထုတ်ပစ္စည်းတွေ သုံးစွဲရတဲ့ မူဝါဒကို လိုက်နာနေရချိန် နေမာကတော့ သူ့ကို စပွန်ဆာပေးထားတဲ့ တံဆိပ်တွေနဲ့ သူကြိုက်တာ သုံးစွဲခွင့်၊ ပွဲတစ်ပွဲကစားပြီးရင် နေမာအတွက် အရိုးအကြောပညာရှင် နှစ်ဦး သီးသန့်ထားရှိပေးထားတာ စတဲ့ခံစားခွင့်တွေ ရရှိထားပါတယ်။ ကာဗာနီနဲ့ ပင်နယ်တီကန်ခွင့် ပြဿနာဖြစ်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်း တာဝန်ရှိသူတွေက လာမယ့်ရာသီမှာ နေမာကိုသာ ပင်နယ်တီကန်ခွင့် သီးသန့်ပေးတော့မယ်လို့ ဆုံးဖြတ်တာကလည်း ကျန်ကစားသမားတွေရဲ့ စိတ်ထဲ မကျေနပ်မှုကို ပိုမိုအမြစ်တွယ် ခိုင်မာစေပါတယ်။

နေမာဟာ ပြီးခဲ့တဲ့ ရက်သတ္တပတ်က မာဆေးလ်နဲ့ ကစားတဲ့ပွဲမှာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီးနောက် ခုလို ပီအက်စ်ဂျီအသင်းဖော်တွေရဲ့ အတွင်းစည်းထဲမှာ ဖြစ်နေတဲ့ မကျေနပ်မှုတွေက မီဒီယာတွေဆီ ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ နေမာက ပြိုင်ဘက်ကစားသမားကို ခေါင်းတိုက်တယ်လို့ ယူဆတဲ့အတွက် ဒိုင်ဖြစ်သူက တိုက်ရိုက် အနီကတ်ပြသထုတ်ပယ်ခဲ့တာဖြစ်ပေမယ့် နေမာကဒါက ဖြစ်တဲ့ပြဿနာထက် ရေးကြီးခွင်ကျယ်လုပ်နေကြတယ်လို့ တုံ့ပြန်ထားပါတယ်။ နေမာဟာ လက်ရှိအချိန်မှာ စီရိုနယ်လ်ဒိုနဲ့ မက်ဆီပြီးရင် အကောင်းဆုံး ကစားသမားဖြစ်သလို သူဟာ စီရိုနယ်လ်ဒိုထက် ခုနစ်နှစ်၊ မက်ဆီထက် ငါးနှစ် ငယ်ရွယ်သူဖြစ်တာကြောင့် သူ့အသက်အရွယ်မှာ သူဟာ အကောင်းဆုံး အဆင့်တစ်ရပ်မှာ ရှိနေတဲ့ ကစားသမားလို့ အားလုံးက လက်ခံထားရသူဖြစ်ပါတယ်။

မေလှဲ့သင်း
ရေးသားသည်


## အသင်းဟောင်း စပါးကို ရင်ဆိုင်မည့်ပွဲတွင် ဂါရတ်ဘေးလ် ပါဝင်နိုင်ရန် မသေချာ



လာမည့်နိုဝင်ဘာ ၁ ရက် စပါးနှင့် ရီးယဲလ်တို့ ရင်ဆိုင်မည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း ဂါရတ်ဘေးလ်အနေဖြင့် ပါဝင်နိုင်ရန် မသေချာကြောင်း ရီးယဲလ်မက်ဒရစ်နည်းပြ ဇီဒန်းက ပြောကြားခဲ့သည်။ အဆိုပါနှစ်သင်း ဘာနေဗျူးတွင် တွေ့ဆုံခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဘေးလ်မှာ လေ့ကျင့်ရေးဆင်းနိုင်မည့် အနေအထားရှိနေသော်လည်း မည်သည့်ရက်တွင် ပြန်လည်ကစားနိုင်မည်ဟု တိတိကျကျ မပြောနိုင်ကြောင်း ဇီဒန်းက ဆိုခဲ့ခြင်းဖြစ်သည်။ ယခုရက်သတ္တပတ်အစောပိုင်းတွင် ဘေးလ်က သူတစ်ဦးတည်း လေ့ကျင့်နေသည့် ဗီဒီယိုဖိုင်ကို အွန်လိုင်းပေါ်တင်ခဲ့ရာ ဘေးလ် မကြာမီပြန်လာတော့မည်ဟူသော မျှော်လင့်ချက်များကို ပိုမိုအရောင်တောက်စေခဲ့သည်။ ဘေးလ်မှာ ပြီးခဲ့သည့်လက ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒေါ့မွန်အသင်းဘက်ကို အံ့အားသင့်ဖွယ်ဂိုးတစ်ဂိုး သွင်းယူခဲ့ပြီးနောက် ခြေသလုံးဒဏ်ရာရရှိသွားခြင်း ဖြစ်သည်။

## အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့ နှစ်ဦးကို စာချုပ်သစ် ချုပ်ဆိုနိုင်ရန် အာဆင်နယ် ကြိုးပမ်းမည်



အာဆင်နယ်စူပါစတား အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးကို စာချုပ်သက်တမ်းတိုးရေး ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းပိုင်ရှင် ခရွန်ကီ၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ နှစ်ဦးစလုံးမှာ လာမည့် နွေဈေးကွက်တွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး စာချုပ်သစ်ချုပ်ဆိုရေး ညှိနှိုင်းမှုများ တောက်လျှောက်လုပ်ဆောင်ခဲ့သော်လည်း ယခုထိ ပြေလည်မှုမရှိသည့် အခြေအနေဖြစ်နေဆဲဖြစ်ရာ နည်းပြ ဝင်းဂါးက ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် ထုတ်ရောင်းနိုင်ကြောင်း စကားဦးသန်းထားပြီးဖြစ်သည်။

သို့သော် အမိကရှယ်ယာရှင် ခရွန်ကီက သူတို့နှစ်ဦးကို ထွက်ခွာခွင့်ပေးရေးထက် စာချုပ်သစ်ချုပ်ဆိုနိုင်ရေးကိုသာ စဉ်းစားထားပြီး အာဆင်နယ်အသင်းမှာ ဥရောပအသင်းကြီးများနှင့်အပြိုင် အခြားထိပ်တန်းကစားသမားများကို ဆွဲဆောင်နိုင်ဆဲဖြစ်ကြောင်း ဆိုခဲ့သည်။

ခရွန်ကီက“ အဲဗာတန်ကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ ပွဲကို ကျွန်တော် စောင့်ကြည့်ခဲ့ရာမှာ သူတို့ကြည့်ရတာ ကောင်းမွန်တဲ့ အခြေအနေဖြစ်သလို ကစားတာ တော်တော်ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ထိပ်တန်းကစားသမားတွေကို ဆက်ထိန်းထားလိုပြီး ဒီလိုလုပ်ခြင်းက အခြားထိပ်တန်းကစားသမားတွေ အသင်းကိုလာရေးအတွက် တကယ်ကို အထောက်အပံ့ပြုပါလိမ့်မယ်” ဟု ဆိုခဲ့သည်။

## ဒေါ့မွန်မှ ထွက်ခွာနိုင်ကြောင်း မာကိုရူးစ် အရိပ်အမြွက်ဆို

ဒူးအရွတ်ကြောစုတ်ပြဲဒဏ်ရာပြဿနာကြောင့် ၂၀၁၈ ခုနှစ်အထိ အနားယူရမည့် မာကိုရူးစ်က ဒေါ့မွန်မှ ထွက်ခွာနိုင်ကြောင်း အရိပ်အမြွက်ဆိုခဲ့ရာ ယင်းစကားက ရူးစ်ကို အလိုရှိခဲ့ဖူးသည့် မန်ယူနှင့် အာဆင်နယ်တို့ကို တပ်လှန့်နိုင်မည်ဖြစ်သည်။ ရူးစ်မှာ ဝင်ရောက်ကစားသည့်ပွဲတိုင်းတွင် ထိပ်တန်း ခြေစွမ်းပြသနိုင်သူဖြစ်သော်လည်း ပြီးခဲ့သည့် သုံးရာသီလောက်မှစ၍ ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေရသူဖြစ်သည်။

မန်ယူနှင့် အာဆင်နယ်နှစ်သင်းစလုံးမှာ ရူးစ်ကို လွှန်ခဲ့သည့်နှစ်အတော်များများကပင် ခေါ်ယူရန် ဆန္ဒရှိခဲ့ကြပြီး ရူးစ်က ‘ကျွန်တော့်ကို စိတ်ဝင်စားတဲ့ ကလပ်အသင်း လေး၊ ငါးသင်းလောက်ရှိပါတယ်။ လာမယ့် မေ ၃၁ ရက်ဆို ကျွန်တော် အသက်(၃၀)ပြည့်ပါပြီ။ ဒါကြောင့် နောက်တစ်ခါ ချုပ်ဆိုတဲ့စာချုပ်က နောက်ဆုံးဖြစ်လာမှာဖြစ်ပြီး ခြားနားမှုတွေ ဖြစ်လာနိုင်ပါတယ်” ဟု ဆိုခဲ့ခြင်းဖြစ်သည်။ သို့သော် ရူးစ်က လက်ရှိကာလ ဒေါ့မွန်တွင်သာ ပျော်ရွှင်နေကြောင်း ဆိုခဲ့သလို ဒေါ့မွန်အကြီးအကဲ မိုက်ကယ်ဇော့ကလည်း ရူးစ်အနေဖြင့် ဒေါ့မွန်တွင်သာ ကာလရှည်ဆက်ရှိနေမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

### Carabao Cup ကွာတားဖိုင်နယ် မဲခွဲမှုထိပ်တိုက်တွေ့ဆုံမှုများ

ချယ်လ်ဆီး - ဘုန်းမောက်
လက်စတာ - မန်စီးတီး
ဘရစ္စတိုး - မန်ယူ
အာဆင်နယ် - ဝက်စ်ဟမ်း

အထက်ပါ ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ခိုင်ဝင်း)

### အောက်တိုဘာ ၂၅၊ ၂၆ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

စီးရီးအေ ပွဲစဉ် - ၁၀

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အင်တာ | ၃ - ၂ | ဆမ်ဒိုးရီးယား | ချီယေဗို | ၁ - ၄ | အေစီမီလန် | ရိုးမား | ၁ - ၀ | ခရိုတုန်း |
| အတ္တလန်တာ | ၃ - ၀ | ဗီရိုနာ | ဖီအိုရင်တီးနား | ၃ - ၀ | တိုရီနို | ဘိုလော့နာ | ၁ - ၂ | လာဇီယို |
| ကယ်ဂလီယာရီ | ၂ - ၁ | ဘီနီဗန်တို | ဂျီနိုအာ | ၂ - ၃ | နာပိုလီ | ဆာဆူအိုလို | ၀ - ၁ | အူဒီးနီးစ် |
| | | | ဂျူဗင် | ၄ - ၁ | SPAL | | | |

(ခိုင်ဝင်း)

# အိုးလ်ထရက်ဖို့ဒ်မှာ စပါးကို မန်ယူ အနိုင်ရယူနိုင်မှာလား

၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၁၀

ရှိုင်းမင်းမင်း

**ပရီမီယာလိဂ်ပွဲစဉ်(၁၀)ကို လာမယ့် အောက်တိုဘာ ၂၈၊ ၂၉၊ ၃၁ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ဟက်ဒါဖီးလ်ကို ရှုံးနိမ့်ခဲ့ပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ကာ မန်စီးတီးနဲ့ ငါးမှတ်ကွာသွားတဲ့ မန်ယူအနေနဲ့ စပါးနဲ့ထပ်မံရင်ဆိုင်ရမှာဖြစ်လို့ နိုင်ပွဲပြန်ရပါ့မလားဆိုတာ စောင့်ကြည့်ရမယ်။**

**မန်ယူ - စပါး ည ၆း၀၀ (၂၈-၁၀-၁၇)**

နှစ်သင်းစလုံးဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းကောင်းတွေပြသနေတဲ့ အသင်းတွေဖြစ်နေတာကြောင့် တကယ့်ကို ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ လီဗာပူးနဲ့ မန်ယူတို့ ကစားခဲ့သလို ဂိုးမရှိသရေပွဲမဖြစ်နိုင်တော့တဲ့ ပရီမီယာလိဂ်ပွဲတစ်ပွဲလို့ ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် နှစ်ပွဲဆက်အနိုင်မရခဲ့တဲ့ မန်ယူ အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရအောင် ကစားရမှာပါ။ စပါးကလည်း ဟယ်ရီကိန်းခြေစွမ်းပြနေတယ်။ ဂိုးအပြန်အလှန်သွင်းပြီး မန်ယူ ကပ်နိုင်မယ်။

**အာဆင်နယ် - ဆွမ်ဆီး ည ၈း၃၀ (၂၈-၁၀-၁၇)**

အာဆင်နယ်ရဲ့ ပရီမီယာလိဂ်ခြေစွမ်းဟာ အတက်၊ အကျတည်ငြိမ်မှုမရှိပါဘူး။ ဆန်းချက်ဇ်၊ အိုဇေးလ်တို့မပါဝင်တဲ့အခါ ကွင်းလယ်ပိုင်းနဲ့ တိုက်စစ်ပိုင်းဟာ အားနည်းမှုတွေများနေခဲ့ပါတယ်။ ဆွမ်ဆီးကတော့ ရမှတ်ရရှိအောင် ခြေကုန်ထုတ်ကစားလာမှာ သေချာပါတယ်။ ဒါပေမယ့်လည်း ဆွမ်ဆီးက ခြေစွမ်းပိုင်းကျဆင်းနေကာ အဝေးကွင်းဖြစ်နေပါတယ်။ ဒါ့အပြင် အာဆင်နယ်အနေနဲ့ ယူရိုပါလိဂ်အတွက် ဆန်းချက်ဇ်နဲ့ အိုဇေးလ်မချန်လှပ်ဘဲ အဲဗာတန်နဲ့ ပွဲကလို ထုတ်သုံးလာနိုင်တာနိုင်တာကြောင့်လည်း အာဆင်နယ်နိုင်ပွဲရမယ်။

**ပဲလေ့စ် - ဝက်စ်ဟမ်း ည ၈း၃၀ (၂၈-၁၀-၁၇)**

ပဲလေ့စ်ဟာ ချယ်လ်ဆီးအသင်းကို အနိုင်ယူနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက တကယ့်ကို အားရစရာခြေစွမ်းပိုင်းဖြစ်ခဲ့သလို နယူးကာဆယ်ကိုရှုံးခဲ့ပေမယ့်လည်း ကစားပုံမညံ့ခဲ့ပါဘူး။ ပဲလေ့စ်ရဲ့တိုက်စစ်ဟာ ထက်မြက်မှုရှိနေပြီး အသင်းတိုင်းကို အနိုင်ပြန်ယူမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးလည်းရှိနေပါတယ်။ ဒါကြောင့်ဒီပွဲမှာ ဝက်စ်ဟမ်းအတွက် ခက်ခက်ခဲခဲကစားရဖို့ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဟမ်း ခြေက တည်ငြိမ်မှုအားနည်းနေတာကြောင့် ပဲလေ့စ် ကပ်နိုင်မယ်။

**လီဗာပူး - ဟက်ဒါဖီးလ် ည ၈း၃၀ (၂၈-၁၀-၁၇)**

လီဗာပူးဟာ အခုလို အိမ်ကွင်းပွဲစဉ်မျိုးမှာ နိုင်ပွဲရရှိအောင် ကစားမှာဖြစ်တယ်။ လီဗာပူးရဲ့တိုက်စစ်မှာလည်း ဆာလာ၊ ဖာမီနို၊ ကော်တင်ဟိုတို့ အကောင်းဆုံးခြေစွမ်းပုံစံပြသနေကာ အတွဲအဖက်မိနေပါတယ်။ ဟက်ဒါဖီးလ်ကတော့ ရာသီအစမှာ ခြေစွမ်းမာကျောခဲ့သလို မန်ယူကိုတောင် အနိုင်ကစားနိုင်ခဲ့ပေမယ့် ဒီပွဲကအဝေးကွင်းဖြစ်နေပါတယ်။ ပွဲချိန်ကြာလာတာနဲ့အမျှ လီဗာပူးတို့ ပိုမိုဖိအားပေး ကစားနိုင်မှာဖြစ်ပြီး တိုက်စစ်ပိုင်းက ဂိုးတွေ ရယူသွားနိုင်မှာပါ။ ဟက်ဒါဖီးလ်အတွက်တော့ ခုခံဖို့သာရှိနေလို့ လီဗာပူး ဂိုးပြတ်နိုင်ပွဲ သေချာပါတယ်။

**ဝက်ဖို့ဒ် - စတုတ် ည ၈း၃၀ (၂၈-၁၀-၁၇)**

ဝက်ဖို့ဒ်ဟာ ခြေစွမ်းထက်အသင်းတစ်သင်းဖြစ်ပြီး အစောပိုင်းမှာ အာဆင်နယ်ကို အနိုင်ရရှိအောင်ကစားထားနိုင်ခဲ့ကာ ချယ်လ်ဆီးနဲ့ပွဲမှာလည်း ခြေစွမ်းကောင်းမွန်ခဲ့ပါတယ်။ စတုတ်ကလည်း တိုက်စစ်ထက်မြက်တဲ့အသင်းဖြစ်တယ်။ ဒါကြောင့် ဒီနှစ်သင်းဟာ ခြေစွမ်းပိုင်းကွာဟမှုကျဉ်းမြောင်းနေတဲ့ အသင်းတွေအဖြစ် သတ်မှတ်နိုင်သလို ဒီပွဲဟာသွင်းဂိုးတွေအပြန်အလှန် မြင်တွေ့ရနိုင်ပါတယ်။ ဒါပေမယ့် စတုတ်ခံစစ်က အားနည်းမှုတွေရှိနေသလို ဝက်ဖို့ဒ်ကတော့ ဒီရာသီမှာ အသင်းလိုက်ဟန်ချက်ပိုမိနေလို့ နိုင်ပွဲရနိုင်တယ်။

**ဝက်စ်ဘရွန်း - မန်စီးတီး ည ၈း၃၀ (၂၈-၁၀-၁၇)**

ဒီနှစ်သင်းဟာ အစောပိုင်းအတွင်း အင်္ဂလန်လိဂ်ဖလားပြိုင်ပွဲမှာ ကြုံတွေ့ထားခဲ့ပြီး မန်စီးတီးက ကစားသမားအပြောင်းအလဲ အနည်းငယ်ပြုလုပ်ခဲ့ကာ ၁-၂ ဂိုးနဲ့ အနိုင်ရရှိထားခဲ့ပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်းမန်နေဂျာ တိုနီပူးလစ်ဟာလည်းနည်း ဗျူဟာကြွယ်ဝသူဖြစ်နေတာကြောင့် အခုကစားမယ့် အိမ်ကွင်းပွဲမှာတော့ မန်စီးတီးကို အကောင်းဆုံးခုခံကစားလာမှာ သေချာပါတယ်။ မန်စီးတီးအနေနဲ့လည်း ပွဲဆက်များနေခဲ့တာကြောင့် ဒီပွဲမှာတော့ ဂိုးပြတ်နိုင်ဖို့ခက်မယ်။

**ဘုန်းမောက် - ချယ်လ်ဆီး ည ၁၁း၀၀ (၂၈-၁၀-၁၇)**

ချယ်လ်ဆီးအနေနဲ့ အစောပိုင်းပွဲစဉ်တွေမှာ ရှုံးပွဲတွေရှိနေခဲ့တာကြောင့် အခုလိုပွဲစဉ်မျိုးတွေမှာ အမှားခံတော့မှာမဟုတ်ဘဲ အထူးအာရုံစိုက်ကစားမှာ သေချာပါတယ်။ ဘုန်းမောက်ရဲ့ခြေစွမ်းကတော့ ဒီရာသီမှာ အားရစရာမရှိသေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အထူးသဖြင့် ဘုန်းမောက်ရဲ့ခံစစ်ပိုင်းဟာ အမှားများနေပြီး ကွင်းလယ်ကလည်း ဘောလုံးအဖျက်အားနည်းပါတယ်။ ဒါကြောင့်ဘုန်းမောက်အနေနဲ့ ချယ်လ်ဆီးကို ယှဉ်ကစားဖို့ခက်ခဲနေပါတယ်။ ချယ်လ်ဆီး နိုင်ပွဲရသွားမှာပါ။

# စားသုံးသူကာကွယ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**စားသုံးသူကာကွယ်ရေးဥပဒေကြမ်း**

**( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**ခုနှစ်၊ လ ရက်**

**( ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စားသုံးသူကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စားသုံးသူကာကွယ်ရေး**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ပေးခြင်းနှင့် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား ကော်မရှင်နှင့် ကော်မတီအဆင့်ဆင့်တို့မှ သတ်မှတ်ဆောင်ရွက်ပေးသည့် မျှတမှုရှိသော လုပ်ငန်းစဉ်ကို ဆိုသည်။

(ခ) **စားသုံးသူ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုပြုရန် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပြုရန်မဟုတ်ဘဲ ကိုယ်တိုင်သုံးစွဲမှုအတွက် သော်လည်းကောင်း၊ အခြားသူအတွက် သော်လည်းကောင်း ရည်ရွယ်၍ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ရယူခြင်း၊ ကုန်စည်ချေးငှားခြင်းပြုလုပ်သူများ သို့မဟုတ် ပေးကမ်း ထောက်ပံ့ခြင်းခံရသူများကို ဆိုသည်။

(ဂ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ထောက်ပံ့ပေးခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

(ဃ) **ကုန်စည်**ဆိုသည်မှာ စားသုံးသူကိုယ်တိုင်အတွက် သော်လည်းကောင်း၊ အခြားသူများအတွက် သော်လည်းကောင်း ရည်ရွယ်၍ ဝယ်ယူခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုသော အရာဝတ္ထုကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေရေးကြေးရေးဆိုင်ရာ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊ အစုရှယ်ယာ၊ ငွေချေးလက်မှတ်၊ ငွေကြေး စသည့်ကိစ္စရပ်များပါဝင်ပြီး ကိုယ်စားတရားစွဲဆိုတောင်းခံပိုင်ခွင့် ကိစ္စရပ် မပါဝင်။

(င) **ဝန်ဆောင်မှု**ဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အသွင်ဖြင့် စားသုံးသူ၏လိုအပ်ချက်ကို အဖိုးစားနားဖြင့်ဖြစ်စေ၊ အဖိုးစားနား မပါဘဲဖြစ်စေ ဖြည့်ဆည်းပေးသည့်ဆောင်ရွက်မှုကို ဆိုသည်။

(စ) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အဖိုးစားနားသတ်မှတ်၍ အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော ပြုလုပ်မှုကို ဆိုသည်။

(ဆ) **လိမ်လည်လှည့်ဖြားခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မှားယွင်းသောဖော်ပြမှုကိုဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကိုဖြစ်စေ၊ မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ စားသုံးသူက လွဲမှားစွာ လက်ခံနိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇ) **ထင်ယောင်ထင်မှားဖြစ်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှု ဖြစ်စေသော ပြုလုပ်မှုကို ဆိုသည်။

(ဈ) **ကြော်ငြာခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ၊ အသံဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ စားသုံးသူ သိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်မှုကို ဆိုသည်။

(ည) **အရောင်းမြှင့်တင်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူများ ပိုမိုသိရှိနားလည်၍ အသုံးပြုမှုတိုးပွားလာစေရန်အလို့ငှာ နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖြစ်စေ၊ တစ်မျိုးထက်ပိုသော နည်းလမ်းဖြင့်ဖြစ်စေ ပြုလုပ်သည့်ဆောင်ရွက်မှုကို ဆိုသည်။

(ဋ) **နစ်နာဆုံးရှုံးမှု** ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ ရုပ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည် ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင်ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ ဥပဒေနှင့်မညီသော ထိခိုက်စေခြင်းကို ဆိုသည်။

(ဌ) **ကုန်အညွှန်းအမှတ်အသား**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ကုန်စည်ထုပ်ပိုးမှုအပြင် အဆင်ပေါ်တွင် စာဖြင့်ရေးသား၍ဖြစ်စေ၊ ပုံနှိပ်၍ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖော်ပြထားသည့် ကုန်စည်နှင့် သက်ဆိုင်သည့် အချက်အလက် သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဍ) **ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု** ဆိုသည်မှာ သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများက စားသုံးရန် သို့မဟုတ် အသုံးပြုရန် မသင့်ဟု သတ်မှတ်ထုတ်ပြန်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုသည်။

(ဎ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဏ) **ကော်မရှင်**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဆိုသည်။

(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးမှူးရုံး** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဦးစီးဌာန၏ရုံးများကို ဆိုသည်။

(ဓ) **ကော်မတီ**ဆိုသည်မှာ ကော်မရှင်က ဤဥပဒေ ပုဒ်မ ၁၇ အရ ဖွဲ့စည်းသော စားသုံးသူရေးရာကော်မတီကို ဆိုသည်။

(န) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးနိုင်ရန် အလို့ငှာ ဦးစီးဌာနက တာဝန်ပေးအပ်သူကို ဆိုသည်။

(ပ) **စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုသာဆောင်ရွက်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း( ၂ )
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရန်၊

(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊

(ဂ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊

(ဃ) စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မားသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊

(င) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်မှလည်း လိုက်နာဆောင်ရွက်လာနိုင်စေရန်၊

(စ) စားသုံးသူတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကိုသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်ရန်၊

(ဆ) စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ပေးမှုများနှင့် ထိန်းကျောင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်။

## အခန်း (၃)
## ကော်မရှင်ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၏ အကြီးအကဲများမှ တာဝန်ပေးအပ်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်အဖွဲ့ဝင်ဦးရေကို ၂၉ ဦးထက်မပိုသော 'မ' ဂဏန်း အရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မရှင်ဥက္ကဋ္ဌသည် ပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ကော်မရှင်အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးများကို တာဝန်ပေးအပ်နိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခွင့်ပြုသောစရိတ်နှင့် ချီးမြှင့်ငွေကိုခံစားခွင့် ရှိစေရမည်။

၇။ ကော်မရှင်အတွင်းရေးမှူးသည် ကော်မရှင်၏ ကိစ္စအဝဝနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုပါက အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကော်မရှင်ဥက္ကဋ္ဌက ခွင့်ပြုနိုင်သည်။

၉။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းအရာတစ်ခုခုဖြစ်ပေါ်သည့်အခါ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ အလိုအလျောက် ရပ်စဲရမည်-

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ဆန္ဒအလျောက်နုတ်ထွက်ခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဆရာဝန် သို့မဟုတ် ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ခုခုအရ ပြစ်ဒဏ်ကျခံရခြင်း။

၁၀။ ကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင် နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားနိုင်သည်။

၁၁။ ကော်မရှင်ဥက္ကဋ္ဌသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော မည်သည့် ကော်မရှင်အဖွဲ့ဝင်ကိုမဆို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ကိုယ်ကျင့်သိက္ခာနှင့် ကိုက်ညီမှုမရှိဟု ယူဆလျှင်ဖြစ်စေ ယင်းကော်မရှင်အဖွဲ့ဝင်ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်မှ ရပ်စဲနိုင်သည်။

## အခန်း (၄)
## ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၂။ ကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စများကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဂ) စားသုံးသူကာကွယ်ရေးဆိုင်ရာ အစီအမံများ ချမှတ်ခြင်း၊

(ဃ) ထူးခြားသည့်အခြေအနေနှင့် လုပ်ငန်းစဉ်များ ပေါ်ပေါက်လာပါက မိမိ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအစီအမံများကို အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) စားသုံးသူအသုံးပြုမည့် သို့မဟုတ် စားသုံးမည့် ကုန်စည်များလုံခြုံစိတ်ချရမှုရှိစေရန် ဦးစားပေးကဏ္ဍများ သတ်မှတ်ပေးခြင်း၊

(စ) စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ကုန်စည်ကို သက်ဆိုင်ရာ အစိုးရဌာနများ၏ ဓာတ်ခွဲခန်းများနှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးနိုင်ရန် ဦးစီးဌာနသို့ တာဝန်ပေးအပ်ခြင်း၊

(ဆ) စားသုံးသူရေးရာကော်မတီဖွဲ့စည်းခြင်း၊

(ဇ) ကော်မတီက တင်ပြလာသည့် ထူးခြားသော အခြေအနေများ၊ လုပ်ငန်းစဉ်များနှင့် ဒဏ်ကြေးငွေချမှတ်ခြင်းများနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) ကော်မတီကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ည) စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

## အခန်း(၅)
## ဦးစီးဌာန၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၁၃။ (က) ဦးစီးဌာန၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စားသုံးသူ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊

(၃) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သုတေသနပြုခြင်းနှင့် ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏ အကျိုးအတွက် ဆောင်ရွက်ပေးခြင်း၊

(၄) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(၅) တိုင်ကြားလာမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် သို့မဟုတ် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်စေရန်အလို့ငှာ စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ခြင်း၊

(၆) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအလို့ငှာ စစ်ဆေးရန်လိုအပ်သည့်နေရာများသို့ ဝင်ရောက်စစ်ဆေးခြင်း၊ အချက်အလက်များ ရယူစုဆောင်းခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် သတင်းအချက်အလက်များ ရယူစုဆောင်းခြင်းများအား စစ်ဆေးရေးအရာရှိကို တာဝန်ပေးအပ်ခြင်း၊

(၇) စားသုံးသူကို ကြီးမားသော ဘေးအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် နစ်နာဆုံးရှုံးစေမည့် ထူးခြားသော အခြေအနေတစ်ရပ်ရပ်ကို အချိန်မီတားဆီးဖော်ထုတ်နိုင်ရန် ဆောင်ရွက်ခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

## နိုင်ငံတကာမွေးမြူရေးနှင့်စိုက်ပျိုးရေးပြပွဲမန္တလေးမြို့တွင်ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၆**
နိုင်ငံတကာ မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲဖွင့်ပွဲကို အောက်တိုဘာ၂၅ရက်နံနက် ၈ နာရီက မန္တလေးမြို့တော်ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာဝင်းမြင့်၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်စိုး၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဒေါက်တာကျော်ထင်တို့တက်ရောက်အားပေးပြီး ပြပွဲကို ဖွင့်လှစ်ပေးကာပြသထားသော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာပြခန်းများကို ကြည့်ရှုသည်။

ပြပွဲတွင် မွေးမြူရေးဆိုင်ရာအစာများ၊ ဆေးဝါးများ၊ ခြံသုံးပစ္စည်းများ၊ မွေးမြူရေးအစာထုတ်လုပ်သည့်စက်ပစ္စည်းများ၊ သားပေါက်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ ဆန်စက်ဆီစက်ဆိုင်ရာစက်ပစ္စည်းများ၊ မျိုးစေ့၊ ဆေးဝါးနှင့် မြေဆီမြေဩဇာများကို နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုမ္ပဏီများမှ ရှင်းလင်းပြသပြီး ပညာရှင်များက ဘာသာရပ်ဆိုင်ရာဆွေးနွေးဟောပြောပွဲ ပြုလုပ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်နေသော စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေများကို နိုင်ငံတကာကသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်ရည်ရွယ်ကာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အိန္ဒိယတို့မှ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာလုပ်ငန်းရှင်များကို လေ့လာရေးခရီးစဉ်များ ပြသသွားမည်ဖြစ်သည်။ မြန်မာ့ကြက်မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ နို့စားနွားနှင့် ဝက်မွေး မြူရေးဟောပြောပွဲနှင့်စိုက်ပျိုးသူတို့ စကားဝိုင်းဆွေးနွေးပွဲများလည်း ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသော ဖရဲ၊ သခွား၊ သရက်စသည့်သီးနှံများ၊ ပြည်တွင်းထုတ်နိုင်ငံတကာအဆင့်မီ သစ်သီးထွက်ကုန်ချောများ၊ လက်ဖက်၊ လက်ဖက်ခြောက်၊ အချိုခြောက်၊ ဝိုင်အမျိုးမျိုးကိုလည်း မြန်မာနိုင်ငံသစ်သီးဝလံထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အစီအစဉ်ဖြင့်လည်းကောင်း၊ နွားနို့၊ နို့ချဉ်၊ ဒိန်ချဉ်များကိုလည်း မြန်မာနိုင်ငံနို့လုပ်ငန်းရှင်အသင်း အစီအစဉ်ဖြင့်ပြသသည်။

အထူးအစီအစဉ်အနေဖြင့် ပြပွဲသို့ လာရောက်သူများမှ ကံထူးသူ သုံးဦးအား နေ့စဉ်ရွေးချယ်ကာ စုစုပေါင်းကိုးဦးကို ဗီယက်နမ်နိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာမွေးမြူရေးပြပွဲသို့ လေယာဉ်လက်မှတ် အသွားအပြန်၊ ဟိုတယ်တည်းခိုစရိတ်ကျခံ၍သွားရောက်လေ့လာနိုင်ရန်စီစဉ်ဆောင်ရွက်ပေးသည်။ နိုင်ငံတကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးပြပွဲကို အောက်တိုဘာ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈)နှစ်အောက်ပြေးခုန်ပစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆**
တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈) နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၅ နံနက် ၇ နာရီ ဆက်လက်ကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အမျိုးသားမီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသမီးမီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အလျားခုန်(ကျား/မ) ပြိုင်ပွဲ၊ မီတာ ၁၅၀၀ (ကျား/မ)ပြိုင်ပွဲ၊ မီတာ ၂၀၀ (ကျား/မ)ပြိုင်ပွဲ၊ မီတာ ၄၀၀ တန်းကျော်ပြေး (ကျား/မ) ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် သံပြားဝိုင်းပစ် (ကျား/မ) ပြိုင်ပွဲများကို ပွဲစဉ်အလိုက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။



အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဦးသန်းရွှေ (ရခိုင်)က ပထမ၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဖြိုးဝေဝေအောင် (မကွေး)က ပထမ၊ အလျားခုန်(ကျား) ပြိုင်ပွဲတွင် ဟိန်းပြည့်စုံ (ရန်ကုန်)က ပထမ၊ အလျားခုန်(မ) ပြိုင်ပွဲတွင် မြတ်သဥ္ဇာဝင်း (မန္တလေး)က ပထမ၊ အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဝေယံထက်(မကွေး) က ပထမ၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင် ဇူးဇူးစံ (မကွေး) က ပထမ၊ အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ခန့်ပိုင်ထွန်း(ပဲခူး) က ပထမ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် စန္ဒာဝင်း(တနင်္သာရီ) က ပထမ၊ သံပြားဝိုင်းပစ်(ကျား) ပြိုင်ပွဲတွင် သူရဇော် (ချင်း) က ပထမ၊ သံပြားဝိုင်းပစ်(မ) ပြိုင်ပွဲတွင် ဥမ္မာမြင့် (မကွေး) က ပထမ၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် မင်းမင်းဇော် (မန္တလေး)က ပထမ၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် အိစန္ဒာလင်း(ရှမ်း)က ပထမ အသီးသီးရရှိကြသည်။

ဆုရရှိသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများမှ ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ပုပ္ပားတောင်ကလပ်အနီး မြေသားနိမ့်ကျမှုမှာ မိုးရွာသွန်းမှုကြောင့်ဟု ပညာရှင်များသုံးသပ်

**မန္တလေး အောက်တိုဘာ ၂၆**
ပုပ္ပားတောင်ကလပ်အနီးတွင် မြေသားနိမ့်ကျမှုနှင့် အက်ကွဲပြိုကျမှုဖြစ်စဉ်အချို့ ပေါ်ပေါက်ခဲ့သည့်အတွက် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ပညာရှင်များ ကွင်းဆင်းလေ့လာမှုများပြုလုပ်လျက်ရှိသည်။

ပုပ္ပားတောင်ကလပ်အနီး အောင်သိဒ္ဓိကုန်းဝန်းကျင်တွင် မြေပြိုခြင်း၊ မြေနိမ့်ဆင်းခြင်း၊ အက်ကွဲခြင်း၊ တောင်တက်ကားလမ်းနှင့် မြေထိန်းနံရံ အဆောက်အအုံအချို့ အက်ကွဲခြင်းများဖြစ်ပေါ်နေသည့်အတွက် ကျောက်ပန်းတောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းအား အကူအညီတောင်းခဲ့သဖြင့် အောက်တိုဘာ၂၃ ရက်မှစတင်ပြီး ကွင်းဆင်းလေ့လာ၍ ပဏာမတိုင်းတာမှုများပြုလုပ်ခဲ့သည်။

ပညာရှင်များ၏ တိုင်းတာချက်များအရ ပုပ္ပားတောင်ကလပ် အောင်သိဒ္ဓိကုန်းဝန်းကျင်တွင် မြေပြိုမှု၊ မြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် ဧရိယာသည် အကျယ် ၁၃၅ မီတာ၊ အရှည် ၂၈၇ မီတာနှင့် အမြင့်ပေ ၇၀ ဝန်းကျင်ခန့်ရှိသည်။



မြေနိမ့်ကျမှုသည် အောက်တိုဘာ ၁၉ ရက်က စပြီး မိုးသည်းထန်စွာရွာသွန်းခဲ့၍ မြေအက်ကြောင်းများပေါ်ခြင်း၊ အက်ကြောင်းများအတွင်း ရေများဝင်ရောက်ခြင်း၊ ရေစီးလမ်းကြောင်းတွင် မြေထိန်းနံရံများ ဆောက်လုပ်ထားသဖြင့် ရေစီးဆင်းမှုမရှိဘဲ ရေတွေက အက်ကြောင်းအတွင်းဝင်ကာ မြေပြိုမှုတွေဖြစ်ပေါ်ကြောင်း မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ဒေါက်တာစိုးမိုးကျော်ဝင်းက ပြောကြားသည်။

ပုပ္ပားတောင်သည် မီးတောင်ဟောင်းဖြစ်ပြီး ချော်ရည်နှင့်ပတ်သက်သည့် မီးသင့်ကျောက်များရှိကြောင်း၊ မြေသားမှာလည်း ကျစ်လျစ်မှုနည်းကြောင်း၊ မြေပြိုမှုများလည်း ယခင်ကဖြစ်ခဲ့သည့် အထောက်အထားရှိကြောင်း၊ မြေပြိုမှုသည် မီးတောင်ဟောင်းနှင့် ဆက်စပ်မှုမရှိကြောင်း၊ တောင်ကလပ်အနီး မြေထိန်းနံရံများ၊ လူနေအိမ်များ တည်ဆောက်မှုကြောင့်သာဖြစ်ကြောင်း သဘာဝရေစီးကြောင်းများ မပိတ်ရန်နှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ဆောင်ရန် လိုအပ်ကြောင်း ဘူမိဗေဒပညာရှင်များက သုံးသပ်ပြောကြားသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးဈေးချိုတော်တွင် ဆိုးဆေးကင်းစင်ရေးဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၆**
မန္တလေးဈေးချိုတော်တွင် ခွင့်မပြုဆိုးဆေးကင်းစင်ရေးဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ၂၅ရက် နံနက် ၉ နာရီက ဈေးချိုတော်ဈေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့်သားသတ်ဌာနမှူး ဦးခင်အောင်က အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က အစားအသောက်များတွင် ခွင့်မပြုဆိုးဆေးများပါဝင်မှု၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက်များ၊ ဘေးကင်းလုံခြုံရေးအတွက် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အစားအသောက်နမူနာများ ဝယ်ယူကာခွင့်မပြုဆိုးဆေးပါဝင်ခြင်း ရှိ-မရှိ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်က အစားအသောက်များ ဆိုးဆေးကင်းစင်ရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုရှင်းလင်းပြောကြားကာစားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမျိုးထွန်းက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထိုနောက် တာဝန်ရှိသူများသည် ဈေးသူဈေးသားများ၏ သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနစသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာမန္တလေးမြို့ပေါ်ရှိဈေးများတွင် ရောင်းချလျက်ရှိသောဆေးဝါးများ၊စားသောက်ကုန်များ အများပြည်သူဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစေရေး၊ အရည်အသွေးကောင်းမွန်၍ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေးအတွက် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဂျပန်နိုင်ငံ နိုင်ငံတကာမူဝါဒရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့ မိတ္ထီလာရှိ ဂျပန်အထိမ်းအမှတ်နေရာများ လေ့လာ



**မိတ္ထီလာ အောက်တိုဘာ ၂၆**
ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာမူဝါဒရေးရာဌာန ဒုတိယညွှန်ကြားရေးမှူး Mr.Nozomu Yamashita နှင့် အဖွဲ့သည် အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက မိတ္ထီလာမြို့နယ်အတွင်းရှိ ဂျပန်အထိမ်းအမှတ်နေရာများအား လေ့လာခဲ့ကြကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူး Mr.Nozomu Yamashita နှင့် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များပါဝင်သည့်အဖွဲ့သည် ညနေ ၄ နာရီက ဇောင်ချမ်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တည်ရှိသည့် ဂျပန်အထိမ်းအမှတ်ကျောက်တိုင်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ညနေ ၅ နာရီတွင် နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာ ဗောဓိစေတီတော်အနီးတွင် ထားရှိသည့် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သည့် အမြောက်တင့်ကား ကိုယ်ထည်ပိုင်းကို ကြည့်ရှုလေ့လာသည်။

၎င်းနောက် နဂါးရုံမဟာဗောဓိစေတီတော် လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကာ စေတီတော်ဂေါပကအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အမည်နှင့် ဓာတ်ပုံမှတ်တမ်းများ၊ စစ်အသုံးအဆောင် ဦးထုပ်များနှင့် မြန်မာ-ဂျပန် ငြိမ်းချမ်းရေးကျောက်စာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအထိမ်းအမှတ်ကျောက်တိုင်တို့ကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက မိတ္ထီလာ စစ်မြေပြင်တွင် စစ်ရှုံးနိမ့်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ သည့် ဂျပန်တပ်မတော်မှ တပ်ဖွဲ့ဝင်များသည့် ယခုနဂါးရုံမဟာဗောဓိစေတီတော်တည်ထားကိုးကွယ်သည့် ကုန်းတော်ပေါ်တွင် တည်ရှိသောဂူဘုရားအတွင်း ဝင်ရောက်ခိုလှုံတိမ်းရှောင်ရာမှ ဘေးအန္တရာယ်က လွတ်ကင်းခဲ့ကြသည်။

ယင်းဂူဘုရားနေရာတွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာတစ်ဝန်းတွင် ကျဆုံးခဲ့သော ရဲဘော်များ ကောင်းမွန်ရာဘဝရောက်စေရန်တို့အတွက် ရည်စူးပြီး ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ကမ္ဘာအေးနဂါးရုံ မဟာဗောဓိစေတီတော် (ခေါ် ) နဂါးရုံမဟာဗောဓိ စေတီတော်ကို ဂျပန်ဘုန်းတော်ကြီး ဂျပန်နိုင်ငံအဲဟေးဂျီဘုရားကျောင်းတော်ကြီးမှ နာယကဆရာတော် မိနာမိဇာဝါဒိုးဂျင်ရိုးရှိ ဦးဆောင်၍ တည်ထားပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရှေးဟောင်းအမွေအနှစ် အသုံးအဆောင်ပစ္စည်းပြပွဲနှင့် ဟောပြောပွဲကျင်းပ

**မင်းဘူး အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းဘူးခရိုင်ရုံးတွင် ရှေးဟောင်းအမွေအနှစ်အသုံးအဆောင်ပစ္စည်းများပြပွဲနှင့်ဟောပြောပွဲကို အောက်တိုဘာ ၂၅ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပရာ မင်းဘူးမြို့မ အ-ထ-က(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ခန့်လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ပြပွဲတွင် မင်းဘူးခရိုင်အတွင်းရှိ ချင်းပုံချင်း၊ မင်းရင်းချင်း၊ မင်းကျချင်း၊ အရှိုချင်းတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပျူခေတ် (အရိုးအိုး၊ အုတ်ခဲ၊ ရေစင်သွန်းအိုးနုတ်သီး၊ ချည်ဝင်ဒိုး၊ ချည်ချကိရိယာ)၊ ပျူခေတ်ပုတီး (နမူနာ)၊ ပျူခေတ်မိန်မပျို ဝတ်စားဆင်ယင်မှုပန်းချီ၊ ပျူခေတ်အသုံးအဆောင်ပန်းချီ၊ မြေဆေးတံ၊ သံခေတ်လက်နက်၊ မြေထည်ပစ္စည်းများ၊ ရေနံထုတ်ကုန်ပစ္စည်းများ၊ ဆရာတော်ဦးဩဘာသ၏ သမိုင်းအကျဉ်းနှင့် မင်းဘူး(စကု)မြို့နယ်ဆိုင်ရာ သမိုင်းအထောက်အထား စာအုပ်များကို ကဏ္ဍအလိုက် ခင်းကျင်းပြသသည်။

အဆိုပါပြပွဲတွင် ဆရာဦးကျော်စိန်ဝင်း(သမိုင်းသုတေသီ)က မင်းဘူး(စကု)မြို့နယ်ဆိုင်ရာသမိုင်းနှင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များအကြောင်း၊ မန်းရွှေစက်တော်သမိုင်းနှင့် မင်းဘူး(စကု)မြို့နယ်အတွင်းတွင် ပျူသမိုင်းအထောက်အထားများတွေ့ရှိမှုများကို ရှင်းလင်းဟောပြောခဲ့သည်။

ယခုပြပွဲကျင်းပရခြင်းမှာ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းတတ်စေရန်နှင့် နှစ်သက်မြတ်နိုးတန်ဖိုးထားတတ်စေရန်၊ သမိုင်းအမွေအနှစ်တွေအများကြီးတည်ရှိနေတဲ့ဒေသမှာ မွေးဖွားလာမှုကို ယနေ့ခေတ် ဒေသခံလူငယ်များ ဂုဏ်ယူတတ်စေရန်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုကိုသိစေရန်၊ ပြည်သူ့စာကြည့်တိုက်ကို လူငယ်များ ဝင်/ထွက်သွားလာ၍ ပညာဗဟုသုတ ရှာမှီးလိုစိတ်များ ပေါ်ပေါက် စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးက ပြောသည်။ **ဖိုးပြည့်(မင်းဘူး)**

# ဈေးကွက်ဆိုင်ရာယုံကြည်မှုတည်ဆောက်နိုင်ရန် စစ်ဆေးကြပ်မတ်မှုများလုပ်ဆောင်နေ

**မကွေး အောက်တိုဘာ ၂၆**

ရောင်းသူနှင့် ဝယ်သူကြား၌ စံအဖြစ်သတ်မှတ်ထားသောအခြင်အတွယ်များ မှန်ကန်စွာ အသုံးပြုခြင်းဖြင့် ဈေးကွက်ဆိုင်ရာ ယုံကြည်မှုများတည်ဆောက်နိုင်ရန်ရည်ရွယ်၍ မကွေးမြို့ရှိ ဈေးများ၊ ကုန်စုံဆိုင်များ၊ ပွဲရုံများအား ရှောင်တခင် စစ်ဆေး ကြပ်မတ်မှုများလုပ်ဆောင်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"စစ်ဆေးတဲ့နေရာမှာ ကျေနပ်အားရတယ်။ ဒစ်ဂျစ်တယ်တွေဆိုရင်လည်း မြို့မဈေးကြီးမှာဆို တစ်လုံးမှ မတော်တာလုပ်ထားတာ မတွေ့ရဘူး။ ချိန်ခွင်အလေးတွေမှာတော့တချို့က တစ်ပိဿာမှာဆို ခုနစ်ကျပ်သားလောက်ထိ လိုတာတွေ့ရတယ်။ ရန်ပယ်ဈေးမှာတော့ ပြည်တောင်းပြဿနာ နည်းနည်းရှိတယ်။ တစ်ပြည်မှာ ခုနှစ်ဘူးခွဲသာသာဆိုင်တွေ တွေ့ရတယ်။ အလေးချိန်ခွင်၊ ဒဏ်ဂျစ်တယ် စံမပြည့်တဲ့ဆိုင်တွေကို သတိပေးစာထုတ်ထားတယ်။ ပွဲရုံတွေကိုစစ်တဲ့အတွက်လည်း အလေးချိန်နဲ့ပတ်သက်ပြီးတော့ တောင်သူတွေ စိတ်ချလက်ချ ဖြစ်လာပါလိမ့်မယ်"ဟု မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောသည်။

အလေးချိန်ခွင်၊ တင်းတောင်း၊ ကတ္တားစသည့် အတိုင်းအတာများ ပုံမှန်စံကိုက်သုံးစွဲရောင်းဝယ်မှုပြုရေး၊ အငြင်းပွားမှု တစ်စုံတစ်ရာမရှိစေရေး၊ အငြင်းပွားမှု ပေါ်ပေါက်လာပါက အလွယ်တကူဖြေရှင်းနိုင်ရေးတို့အတွက် မကွေးမြို့ပေါ်ရှိ ဈေးခြောက်ဈေး၊ ပွဲရုံအကြီးအသေး ၃၀၀ ကျော်နှင့် ကုန်စုံဆိုင်များအား စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

"ဒီလိုစစ်လိုက်တော့ ရောင်းတဲ့သူ၊ ဝယ်တဲ့သူ နှစ်ဦးလုံးမှာ ယုံကြည်တဲ့ဆက်ဆံရေးဖြစ်သွားတာပေါ့။ အရင်တုန်းကတော့ ဝယ်ရင် ရောင်းရင် အလေးကမှန်မှမှန်ပါ့မလား။ သံသယတွေရှိကြတာပေါ့။ ပြည်သူတွေဘက်ကလည်း ဒါမျိုးခဏခဏ စစ်ပေးရမှာဆိုတဲ့ အသံတွေလည်းကြားရတယ်လေ။ ရှောင်တခင်စစ်နေတာဆိုတော့လည်း ဘယ်သူမှ မဟုတ်တာ မလုပ်ရဲတော့ပါဘူး"ဟု ဦးဖိုးနီက ဆိုသည်။

အောက်တိုဘာလအတွင်း စတင်လုပ်ဆောင်သည့် စစ်ဆေးမှုများတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများဖြင့် ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း၊ အောင်မင်္ဂလာရပ်ကွက်နှင့် အောင်ရတနာရပ်ကွက်အတွင်းမှ ပွဲရုံများကို စစ်ဆေးခဲ့ပြီး လုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



# မင်းကင်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ (၂၄)နာရီ လျှပ်စစ်ဓာတ်အားစတင်အသုံးပြု

**မင်းကင်း အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ၆၆/၁၁ ကေဗွီ၊ ဓာတ်အားလိုင်းကြီးများ၊ ၆၆/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ ဓာတ်အားခွဲရုံတို့အား တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ မင်းကင်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ထန်းငယ်ချောင်း ကြေးနင်းကျေးရွာများသို့ အောက်တိုဘာ ၂၃ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"အရင်က မင်းကင်းမြို့က ညပိုင်းမှာ မီးစက်နဲ့ အချိန်ပိုင်း လျှပ်စစ်မီးအသုံးပြုနေရတယ်။ အခု မြို့ပေါ်ရပ်ကွက်တွေနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာတွေကိုပါ လျှပ်စစ်ဓာတ်အား စတင်အသုံးပြုနေပါပြီ၊ ပြည်ထောင်စုရန်ပုံငွေကနေ ငွေကျပ် ၁၃၃၅ ဒသမ ၂၃၇ သန်း အကုန်အကျခံ တည်ဆောက်ပေးတာပါ၊ ဓာတ်အားလိုင်းကြီး သွယ်တန်းတဲ့လမ်းကြောင်းတစ်လျှောက်မှာ ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက် သွယ်တန်းရတဲ့လုပ်ငန်းတွေလည်းရှိပါတယ်။ အခုလုပ်ငန်းတွေ အားလုံးပြီးသွားပါပြီ၊ မြို့ပေါ်ရပ်ကွက်တွေရယ် ကျေးရွာတွေနဲ့ ပေါင်းလိုက်ရင် မီးသုံးစွဲသူ ၆၀၀ ရှိပါတယ်။ ထပ်ပြီးတော့ လျှပ်စစ်မီးကိုအသုံးပြုဖို့ လျှပ်စစ်မီတာလျှောက်ထားသူ ၂၀၀ ကိုလည်း ဆက်လက်တပ်ဆင်ပေးသွားမှာပါ။ ကျန်တဲ့ ကျေးရွာတွေလည်း ကျွန်တော်တို့ ဌာနနဲ့ချိတ်ဆက်ပြီး လျှပ်စစ်မီးလင်းရေးကို လုပ်ဆောင်နိုင်ပါပြီ" ဟု ကလေးခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမင်းမင်း သက်က ပြောသည်။

မင်းကင်းမြို့တွင် ယခင်ကဒီဇယ်ဆီဖြင့် မောင်းနှင်ရသည့်မီးစက်ဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို မြို့ပေါ် ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင် ကျေးရွာနှစ်ရွာသို့ လုပ်ဆောင်ပေးနိုင်ခဲ့ပြီး မီးသုံးစွဲသူ ၄၉၀ သာရှိခဲ့ပြီး ဓာတ်အားလိုင်းဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ဆောင်သောအခါတွင် မြို့ပေါ်ရပ်ကွက်များမှ ထပ်မံလျှောက်ထားသူ ၃၀ နှင့် ကျေးရွာများမှ ထပ်မံလျှောက်ထားသူ ၈၀ စုစုပေါင်း ၁၁၀ ရှိခဲ့ရာ ယခုအခါတွင် လျှပ်စစ်မီးသုံးစွဲသူ ၆၀၀ ရှိကြောင်းနှင့် အသစ်ထပ်မံလျှောက်ထားသူ ၂၀၀ကိုလည်း လျှပ်စစ်မီတာများ တပ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

# ဂျပန်၌ နိုဝင်ဘာ ၁၈ ရက်တွင် စတင်ရောင်းချတော့မည့် Sony ၏ ကိုယ်ရေးစက်ရုပ်

ဂျပန်နိုင်ငံတွင် Sony မှ ဖန်တီးထားသော ကိုယ်ရေးလက်ထောက်စက်ရုပ် Xperia Hello ကို လာမည့်နိုဝင်ဘာ ၁၈ ရက်တွင်စတင်ရောင်းချပေးတော့မည်ဟုသိရသည်။ ယခင်နှစ်ကမိတ်ဆက်ပြသပေးသွားခဲ့ပြီး ယခုအခါ ဈေးကွက်အတွင်း တရားဝင် ရောင်းချပေးသွားတော့မည်ဖြစ်သည့် အဆိုပါစက်ရုပ်မှာ လူတစ်ဦး၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များနှင့် နေ့စဉ်လုပ်ဆောင်မှုများကို အကူအညီပေးသွားနိုင်မည်ဟု သိရသည်။

၎င်းစက်ရုပ်သည် အရွယ်အားဖြင့် သေးငယ်ပြီး Android စနစ်ပါဝင်သောကြောင့် စမတ်ဖုန်းအသုံးပြုရသကဲ့သို့ လွယ်ကူစွာအသုံးပြု စေခိုင်းနိုင်မည်ဟုသိရသည်။ Xperia Hello ၏ ဝမ်းဗိုက်တွင် ၄ ဒသမ ၅ လက်မ အရွယ် မျက်နှာပြင်ပါဝင်ပြီး ၃၄၀ ဒီဂရီလည်ပတ်နိုင်သော မျက်လုံးများပါဝင်သည်။ ၎င်းစက်ရုပ်သည် နေ့စဉ်မိုးလေဝသနှင့် အခြားသတင်းများ၊ ယာဉ်ကြောပိတ်ဆို့မှု အနေထားများနှင့် လုပ်ငန်းခွင်သို့ဝင်ရောက်ရန် လိုအပ်သည်များကို မေ့ကျန်မသွားစေရန် အသံဖြင့် အချက်ပေးဖော်ပြနိုင်ခြင်းရှိသည်ဟု သိရသည်။

ထို့အပြင် နေအိမ်တွင်ကျန်ရှိနေသော မိသားစုဝင်များကို စောင့်ကြည့်ပေးခြင်း၊ အရေးပေါ်နှင့် အခြားဖုန်းခေါ်ဆိုမှုများ ပြုလုပ်ပေးခြင်းတို့အပြင် အမှတ်တရဓာတ်ပုံရိုက်ကူးပေးခြင်းတို့ကိုလည်း စေခိုင်းနိုင်သည်ဟုသိရသည်။ ၎င်းစက်ရုပ်သည် လူများ၏ မျက်နှာ၊ ဘာသာစကားနှင့် အသံများကို မှတ်သားအာရုံခံနိုင်ပြီး လိုအပ်သည်များကို ပြန်လည်တုံ့ပြန်ပြောဆိုနိုင်မည်ဖြစ်သည်။ သိလိုသည်များကို မေးမြန်းနိုင်ခြင်း၊ အွန်လိုင်းစာမျက်နှာများကို ရှာဖွေခိုင်းခြင်း၊ သီချင်းဖွင့်ခိုင်းခြင်းနှင့် မိမိ၏ ကိုယ်ရေးအချက်အလက်များနှင့် သက်ဆိုင်သည်များကို အသံဖြင့် အမိန့်ပေးစေခိုင်းနိုင်သည်ဟု သိရသည်။ အဆိုပါ Xperia Hello စက်ရုပ်ကို ဂျပန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၃၀၀ ဝန်းကျင်ဖြင့်နိုဝင်ဘာလတွင် စတင်ရောင်းချတော့မည်ဟု သိရသည်။ ALEX



# Apple ကကြိုးမဲ့အားသွင်းစနစ်လုပ်ငန်းတစ်ခုကိုဝယ်ယူ

နယူးဇီလန်နိုင်ငံအခြေစိုက် Wireless Charging ကုမ္ပဏီတစ်ခုကို Apple မှ တရားဝင်အဖြစ် ဝယ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။ Power by Proxi ဟု အမည်ရသော အဆိုပါကုမ္ပဏီသည် နယူးဇီလန်နိုင်ငံ တောင်ဘက်ကျွန်းရှိ Auckland မြို့တွင်တည်ရှိပြီး စက်ပစ္စည်းများ၊ ဒရုန်းများနှင့် စက်ရုပ်ထုတ်လုပ်မှုများအတွက် လိုအပ်သည့်ပစ္စည်းနှင့် မော်ဒယ်များကို ဖန်တီးပေးနေသော လုပ်ငန်းဖြစ်ပြီး ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ထားကြောင်းသိရသည်။

Apple က ကြိုးမဲ့အားသွင်းစနစ်နည်းပညာကို iPhone များတွင် ပထမဆုံး စတင်ထည့်သွင်းပေးပြီးနောက်ပိုင်း ပိုမိုကောင်းမွန်သည့် နည်းပညာသစ်များ ဖန်တီးနိုင်ရန် ယခုကဲ့သို့ဝယ်ယူလိုက်ခြင်းဖြစ်သည်ဟုသိရသည်။ Apple သည် လွယ်ကူလျင်မြန်ပြီး ပိုမိုကောင်းမွန်သည့် ကြိုးမဲ့အားသွင်းစနစ်အပါအဝင် အခြားကြိုးမဲ့နည်းပညာများကို လာမည့်ထုတ်ကုန်အသစ်များတွင် ထည့်သွင်းပေးနိုင်ရန် အဆိုပါကုမ္ပဏီ၏နည်းပညာများနှင့် Apple ၏ ကြိုးမဲ့နည်းပညာအင်ဂျင်နီယာများ ပူးပေါင်းကာ Wireless Charging နည်းပညာသစ်တစ်ခုကို ဖန်တီးပေးသွားဖွယ်ရှိသည်ဟု သိရသည်။

အဆိုပါကုမ္ပဏီကို မည်သည့်တန်ဖိုးဖြင့်ဝယ်ယူခဲ့သည်ကိုမူ တရားဝင်ကြေညာထားခြင်းမျိုးမရှိဘဲ ယခင်က iPhone များအတွက် ကြိုးမဲ့အားသွင်းစနစ်များကို အခြားမိုဘိုင်းလုပ်ငန်းများထံမှ ဝယ်ယူအသုံးပြုနေရခြင်းဖြစ်ကာ ယခုကဲ့သို့ ကိုယ်ပိုင်တရားဝင်ဝယ်ယူပြီး လုပ်ကိုင်မှုမှာ ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ကြောင်း Apple Hardware အင်ဂျင်နီယာ အရာရှိချုပ်က ပြောကြားသည်။ Power by Proxi ကုမ္ပဏီ၏ အမှုဆောင်ချုပ်မှလည်း Apple နှင့် ပူးပေါင်းလုပ်ဆောင်ရခြင်းအတွက် စိတ်လှုပ်ရှားလျက်ရှိပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် နည်းပညာသစ်များကို အတူပူးပေါင်းဖန်တီးပေးသွားနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ ALEX

# မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဆားလင်းကြီး အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၃၁ ရွာတွင် ပါဝင်သည့် လင်းစားကျက်ကျေးရွာနှင့် ရုံးပင်ရိုးကျေးရွာတို့မှ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုနှင့် အတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို အောက်တိုဘာ ၂၄ရက် မွန်းတည့် ၁၂ နာရီခွဲက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်စင်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးခိုင်က "လင်းစားကျက်ကျေးရွာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၀ အတွက် ငွေကျပ် ၂၀၉၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးအတွက် ငွေကျပ် ၅၇၀၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးအတွက် ငွေကျပ် ၉၁၅၀၀၀၀ နှင့် ရုံးပင်ရိုးကျေးရွာမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးအတွက်ငွေကျပ် ၂၅၃၇၅၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူ ၂၆ ဦးအတွက် ငွေကျပ် ၈၁၅၀၀၀၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအတွက် ငွေကျပ် ၂၂၀၀၀၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ထုတ်ချေးပေးထားတဲ့အတွက်ကြောင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အောင်မြင်တိုးတက်မှု အခြေအနေများနှင့် စာရင်းဇယားများ စနစ်တကျ ပြုစုထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေမှ အတိုးရရှိငွေဖြင့် လင်းစားကျက်ကျေးရွာ မီးလင်းရေးအတွက် Transformar ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းနှင့် ရုံးပင်ရိုးကျေးရွာ မီးလင်းရေးအတွက် လိုအပ်နေတဲ့ Cable Wire များဝယ်ယူ၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပြောသည်။

ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၃၁ ရွာတွင် ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အဟာရပြည့်ဝစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်နှင့် တုံ့ပြန်နိုင်စွမ်း အားကောင်း သောလူမှုအဖွဲ့အစည်းများ ပေါ်ပေါက် လာစေရန် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများကို ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀နှုန်းဖြင့် ထူထောင်ပေးထားကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေသစ္စာတည်ကြပါလေ

မောင်စာဂ

ဥပဒေစကား၊ ဥပဒေစိတ်ထား၊ ဥပဒေအတွေး၊ ဥပဒေအမြင်၊ ဥပဒေအသိတို့ကို အဓိပ္ပာယ်ဖွင့်ဆိုလျက် ဆောင်းပါးများရေးခဲ့ပြီးပြီ၊ ယခုတစ်ဖန် ဥပဒေသစ္စာနှင့်စပ်လျဉ်းပြီး ဆောင်းပါးရေးဖို့ ပေါ်လာပြန်ပြီ၊ မျှဝေပါရစေ။

### သစ္စာ

**သစ္စာ**ဆိုသော စကားရပ်နှင့်စပ်လျဉ်း၍ မြန်မာ အဘိဓာန်တွင် ဤသို့အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

**သစ္စာ**ဟူသည် အမှန်တရား၊ မှန်ကန်သောစကား၊နိုင်ငံ၊ လူမျိုးစသည့်အပေါ်တွင်ထားရှိသော စောင့်သိရိုသေမှုကို ဆိုသည်။

**သစ္စာခံ**ဟူသည် လက်အောက်ခံအဖြစ် မိမိကိုယ်ကို အပ်နှံသည်၊ သစ္စာကို စောင့်သိရိုသေလိုက်နာပါမည်ဟု ကတိပြုသည်ကို ဆိုသည်။

**သစ္စာတိုင်** သို့မဟုတ် **သစ္စာထား**ဟူသည် သစ္စာဆို၍ ကတိပြုသည်ကိုဆိုသည်။

**သစ္စာပြု**ဟူသည် မှန်သောစကားကိုဆိုခြင်းဖြစ်သည်။

**သစ္စာ**ဖောက်ဟူသည် သစ္စာကတိချိုးဖျက်ခြင်းကို ဆိုသည်။

### သစ္စာသုံးမျိုး

သစ္စာကိုအမျိုးအစားခွဲလိုက်လျှင် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ ဟူ၍ သုံးမျိုးရှိသည်။

**သမ္မုတိသစ္စာ**။ ။အမှန်အတိုင်းပြောဆိုခြင်းကို သမ္မုတိသစ္စာ၊ ဝစီသစ္စာခေါ်ဆိုသည်။ မုသာဝါဒမှ ရှောင်ကြဉ်ခြင်းသည် ဝစီသစ္စာမည်သည်။ ပြောသည့်အတိုင်းလုပ်၊ လုပ်သည့်အတိုင်းပြော မိမိ၏ကတိကို မြဲအောင် မှန်အောင်ထိန်းနိုင်ခြင်းကို သစ္စာစောင့်သိသည်။ သစ္စာရှိသည်ဟုဆိုသည်။

**ပရမတ္ထသစ္စာ**။ ။လူနတ်ပြဟ္မာသတ္တဝါဟူသော ပညတ်သဘောကိုမယူ၊ ယင်းသတ္တဝါ၌ ဖွဲ့စည်းပါဝင်နေသော စိတ်စေတသိတ်နာမ်တရားများ၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ မဟာဘူတရုပ်များ၏ တရားကိုယ်သဘောလက္ခဏာကို ပရမတ္ထသစ္စာဟုခေါ်သည်၊ ဥပမာ လောဘစေတတသိတ်၏ လိုချင်တပ်မတ်သော သဘောသည် မဖေါက်မပြန် မှန်ကန်သောကြောင့် ပရမတ္ထသစ္စာဟု ဆိုသည်။

**အရိယာသစ္စာ**။ ။ ဖြူစင်မြင့်မြတ်သော ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့သာ သိနိုင်သော သစ္စာတရားသည် အရိယာသစ္စာမည်သည်။

### သစ္စာလေးပါး

သစ္စာလေးပါးဟူသည် မှန်ကန်သော တရားလေးပါးကို ဆိုခြင်းဖြစ်ကြောင်း ဗုဒ္ဓမြတ်စွာဘုရားက ဤသို့ ဟောကြားခဲ့သည်။

(၁) ဒုက္ခသစ္စာ = ဆင်းရဲအမှန်တရား
(၂) သမုဒယသစ္စာ = ဆင်းရဲကြောင်းအမှန်တရား
(၃) နိရောဓသစ္စာ = ဆင်းရဲငြိမ်းရန်အမှန်တရား
(၄) မဂ္ဂသစ္စာ = ဆင်းရဲငြိမ်းကြောင်းအမှန်တရား

ဤသစ္စာလေးပါးသည် ဖြူစင်မြင့်မြတ်သော ဘုရား ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့သာ သိနိုင်သော သစ္စာတရား ဖြစ်၍ အရိယာသစ္စာမည်သည်။

### ဥပဒေသစ္စာ

ဥပဒေသစ္စာဟူသည်ကား အဘယ်နည်း။ ဥပဒေသစ္စာဟူသည် သမုတိသစ္စာဟုဆိုနိုင်သည်။ ဥပဒေသစ္စာကို အချက်လေးချက်ဖြင့် ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုပေးလိုသည်။

ပထမအချက်မှာ ဥပဒေသည် မည်သည့်ဘက်ကိုမျှ မလိုက်။ ချိန်ခွင်လျှာပမာ တည့်မတ်မှန်ကန်မှုဘက်မှ အမြဲရပ်တည်သည်။ သမာသမတ်ကျသည်။ သို့ဖြစ်၍ ဘက်လိုက်မှုကင်းခြင်းအမှန်တရားသစ္စာ။

ဒုတိယအချက်မှာ ဥပဒေသည် မည်သူကိုမျှ မျက်နှာသာမပေး၊ သံယောဇဉ်မထား၊ ခွဲခြားခြင်းမရှိ၊ အစိုးရ၊ မင်းမှုထမ်း၊ ဝန်ကြီး၊ ဝန်ကလေး၊ အရာရှိအရာခံ၊ သူဌေး သူကြွယ်၊ ကုန်သည်ပွဲစား၊ လယ်သမား ယာသမား၊ ဆင်းရဲသားမကျန် အားလုံးအပေါ် အညီအမျှထားသည်။ သာတူညီမျှရှိသည်။ သို့ဖြစ်၍ ညီမျှခြင်း အမှန်တရား သစ္စာ။

တတိယအချက်မှာ ဥပဒေသည် ဗလောင်းဗလဲမရှိ၊ လှည့်ဖျားခြင်းဗလာနတ္ထိ၊ ပရိယာယ်မပါ မာယာမတွယ်ကပ်၊ တည်ကြည်ခြင်း၊ တည်ငြိမ်ခြင်း၊ တည့်တံ့ခြင်း၊ ရိုးရှင်းခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် ပြည့်စုံနေသည်။ သို့ဖြစ်ရာ ရိုးရှင်းဖြောင့်မတ်ခြင်းအမှန်တရားသစ္စာ။

စတုတ္ထအချက်မှာ ဥပဒေသည် အမှိုအခိုကင်းသည်။ အဖိနှိပ်၊ အချုပ်အချယ် ဩဇာအာဏာလွှမ်းမိုးမှုကို မလိုလား။ သွေးဆောင်ဖျားယောင်းခြင်းကိုလက်မခံ။ ဥပဒေပင်ကိုသဘောအရ လွတ်လွတ်လပ်လပ်ရှိသည်။ လွတ်လွတ်လပ်လပ်ရှိရမည်။ သို့ဖြစ်ရာ လွတ်လပ်ခြင်း အမှန်တရားသစ္စာ။

### ဥပဒေသစ္စာသိလွယ်ဖို့ရာ

ဥပဒေသစ္စာကို အဓိကကျသည့် အခြေခံဖြစ်သည့် အချက်လေးချက်ဖြင့် ဖွင့်ဆိုမိသည်။ သဘောမတွေ့က မိမိ၏အားနည်းချက်သာဖြစ်ပါမည်။ သို့တစေ အတွေးအခေါ်သစ်တစ်ရပ်ကို မျက်စိဖွင့် နားပွင့်စေဖို့ တွန်းအားသဖွယ် ဖြစ်သွားစေမည်ဟုယုံကြည်မိသည်။ ယခုဖွင့်ဆိုထားချက်ကို သိလွယ် မှတ်လွယ်နိုင်ဖို့ ဤသို့ကဗျာတစ်ပုဒ်စပ်ဆိုမိသည်။

ဘက်လိုက်မှုကင်း
ညီမျှခြင်းနှင့်
ရိုးရှင်းဖြောင့်မတ်
လွတ်လပ်မှုသာ
သစ္စာဥပဒေ
တည်နေပေ၏။

### ဥပဒေသစ္စာစောင့်သိကြစို့

ဥပဒေပညာတတ်သိသူများ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် မိမိတို့ တတ်သိသည့် ဥပဒေပညာ၊ အသက်မွေးဝမ်းကျောင်းပြုနေရသည့် ဥပဒေပညာရပ်အပေါ် ဥပဒေသစ္စာရှိကြရမည်။ ဥပဒေသစ္စာထားကြရမည်။ အထူးသဖြင့် ရှေ့နေရှေ့ရပ်များ၊ ဥပဒေဝန်ထမ်းများ၊ တရားရေးဝန်ထမ်းများ၊ တရားသူကြီးများသည် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ရာ ဥပဒေကို ပို၍လေးစားလိုက်နာ တန်ဖိုးထားအပ်သည်။ ဥပဒေသစ္စာကို ပို၍ သိကြရမည်။ ပို၍ ထားကြရမည်။

ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်နေရသည့် အစိုးရ၊ ဌာန၊ အဖွဲ့အစည်းအသီးသီးရှိ အုပ်ချုပ်ရေးဝန်ထမ်းများသည် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်နေကြရသည့် ဥပဒေရပ်အပေါ် ဥပဒေသစ္စာရှိရကြမည်။ ဥပဒေသစ္စာထားကြရမည်။

> ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အုပ်ချုပ်ရေးဝန်ထမ်းများ၊ တရားစီရင်ရေး ဝန်ထမ်းများနှင့် ဆက်စပ်တာဝန်ထမ်းဆောင်နေကြရသော ရှေ့နေရှေ့ရပ် ဥပဒေအရာရှိများ ဥပဒေသစ္စာ မတည်ကြလျှင် ပြည်သူတွေလည်း ဥပဒေသစ္စာမတည်။ အကျင့်သီလပျက်ယွင်းကြမည်။ တရားဥပဒေစိုးမိုးရေး ပျက်ပြားပေမည်။ တာဝန်ရှိသူအပေါင်းတို့ ဥပဒေသစ္စာတည်ကြလျှင် ပြည်သူတွေလည်း ဥပဒေသစ္စာတည် . . .

### တာဝန်ရှိသူတွေ ဥပဒေသစ္စာတည်ကြလျှင်

ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ကြရသည့် အုပ်ချုပ်ရေးဝန်ထမ်းများ၊ တရားစီရင်ရေး ဝန်ထမ်းများနှင့် ဆက်စပ်တာဝန်ထမ်းဆောင်နေကြရသော ရှေ့နေရှေ့ရပ် ဥပဒေအရာရှိများ ဥပဒေသစ္စာ မတည်ကြလျှင် ပြည်သူတွေလည်း ဥပဒေသစ္စာမတည်။ အကျင့်သီလပျက်ယွင်းကြမည်။ တရားဥပဒေ စိုးမိုးရေးပျက်ပြားပေမည်။ တာဝန်ရှိသူ အပေါင်းတို့ ဥပဒေသစ္စာတည်ကြလျှင် ပြည်သူတွေလည်း ဥပဒေသစ္စာတည်ကြမည်။ အကျင့်သီလ ကောင်းမွန်ကြမည်။ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေမည်။

### ပညာရပ်တိုင်းတွင် သစ္စာဟူသည်ရှိစမြဲ

တကယ်တော့ ဥပဒေပညာရပ်တွင်သာ ဥပဒေသစ္စာဟူ၍ရှိသည်မဟုတ်။ ပညာရပ်တိုင်းတွင် သစ္စာဟူသည် ရှိစမြဲဖြစ်သည်။ ဆေးပညာ၊ အုပ်ချုပ်ရေးပညာ၊ စိုက်ပျိုးရေးပညာ၊ စာပေဂီတ အနုပညာစသည့် ပညာရပ်တိုင်းတွင် သူ့ပညာနှင့်သူ သစ္စာဟူသည်ရှိနေစမြဲဖြစ်သည်။ ပညာရပ်အလိုက် တာဝန်ထမ်းဆောင်နေကြရသူ အသီးသီးသည် မိမိတို့၏ ပညာရပ်နှင့်စပ်လျဉ်းသည့် သစ္စာဟူသည်ကို သိရှိနားလည်ထားကြရမည်။ မိမိတို့၏ ပညာရပ်အပေါ် သစ္စာရှိကြရမည်။ သစ္စာထားကြရမည်။

### လူတိုင်းလူတိုင်းတွင် သစ္စာဟူသည်ရှိစမြဲ

လူတိုင်းလူတိုင်းတွင်လည်း သစ္စာဟူသည်ရှိကြသည်။ လူတိုင်းလူတိုင်း လုပ်ကိုင်ဆောင်ရွက်နေကြရသော အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းရပ်တိုင်းတွင်လည်း လုပ်ငန်းရပ်အလိုက် သစ္စာဟူသည်ရှိစမြဲ ဖြစ်သည်။ အမှန်တရားကိုပြောခြင်းဖြင့် သစ္စာတရား ယူနိုင်ကြသည်။ မှန်ကန်သောစကားကို ဆိုခြင်းဖြင့် သစ္စာရှိသူများအဖြစ် ရပ်တည်နိုင်ကြသည်။

### သစ္စာ၏အစွမ်းသတ္တိ

သစ္စာဟူသည် သဘာဝတရားဓမ္မဖြစ်သည်။ သစ္စာဟုဆိုရာ၌ အမှန်ကိုဆိုခြင်းသည် ပဓာနဖြစ်သည်။ အကောင်းကိုသာပြောဆိုခြင်းမဟုတ်ဘဲ အဖြစ်အပျက်အမှန်ကို ဟုတ်တိုင်းမှန်စွာ ပြောခြင်း၊ ဆိုခြင်း၊ ရွတ်ဆိုခြင်းဖြင့် အဆိပ်ကိုပပျောက်စေနိုင်သည်။ မီးကိုငြိမ်းစေနိုင်သည်၊ မိုးကိုရွာစေနိုင်သည်၊ ကောင်းကင်၌ တည်စေနိုင်သည်စသည့် အံ့ဖွယ်အမျိုးမျိုးဖြစ်စေနိုင်သော အစွမ်းသတ္တိများ ရရှိနိုင်သည်။

သီလတရားက မပေးနိုင်သော ပစ္စည်းဟူ၍ မရှိ။ ခန္တီမေတ္တာတရားကမနိုင်သော ဘေးဟူ၍မရှိ။ ထိုထက် သစ္စာတရားက မပြုလုပ်မစွမ်းဆောင်နိုင်သော အရာဟူ၍မရှိ။ "ကတိသစ္စာတည်သော အခါ၌ ဩဇာလေးနက်ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏" ဟူသော ဆိုရိုးစကားအတိုင်း သစ္စာတရား၏ အစွမ်းသတ္တိက အံ့မခန်းပါပင်။

### နိုင်ငံတော်အပေါ်သစ္စာစောင့်သိရာရောက်သည်

စာရေးသူသည် ၁၉၉၆ ခုနှစ်က အထူးအယူခံဝင်ခွင့်ဆိုင်ရာ ဥပဒေသများစာအုပ် ရေးသားပြုစုခဲ့သည်။ ဥပဒေအပေါ် သစ္စာစောင့်သိခြင်းနှင့်စပ်လျဉ်း၍ နိဒါန်းတွင် ဤသို့မှတ်ချက်ပြုရေးသားခဲ့ဖူးသည်။

"ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် ဥပဒေပညာရပ်အပေါ် သစ္စာစောင့်သိကြအပ်၏။ မိမိတို့၏ လုပ်ငန်းဆောင်တာများအပေါ် လေးစားကြအပ်၏၊ ထိုနည်းတစ်မူမိမိတို့၏ လုပ်ငန်းများဆောင်ရွက်ကြရာဖြစ်သည့် တရားရုံးအဆင့်ဆင့်အပေါ် သစ္စာစောင့်သိကြအပ်၏၊ တရားရုံးအဆင့်ဆင့်ကို ရိုသေလေးစားကြအပ်၏၊ ထိုသို့ သစ္စာစောင့်သိကြခြင်းသည် အမိနိုင်ငံတော်အပေါ် သစ္စာစောင့်သိကြရာလည်းရောက်၏၊ ထိုသို့ ရိုသေလေးစားမှု ပြုကြခြင်းသည် အမိနိုင်ငံတော်အပေါ် ရိုသေလေးစားကြရာရောက်ပါ၏"။

### သစ္စာပါရမီဖြည့်ကျင့်ပါလေ

အချုပ်အားဖြင့်ဆိုရသော် သစ္စာတရားရှိခြင်းဖြင့် မိမိနှင့်မိမိ၏လုပ်ငန်း၊ ပညာရပ်အပေါ် သစ္စာစောင့်သိရာရောက်သကဲ့သို့ နိုင်ငံတော်အပေါ်တွင်လည်း သစ္စာစောင့်သိရာရောက်သည်။ သစ္စာတရားရှိကြခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်း၊ ငြိမ်းချမ်းသော နိုင်ငံတစ်ခု တည်ဆောက်နိုင်သည်။ ဥပဒေသစ္စာတရားရှိခြင်းအားဖြင့် တရားဥပဒေစိုးမိုးသော လူ့ဘောင်အဖွဲ့အစည်း၊ တရားဥပဒေစိုးမိုးသော နိုင်ငံတော်တစ်ခု တည်ဆောက်နိုင်သည်။ သစ္စာထား၍ သစ္စာတရား တည်ကြခြင်းဖြင့် သစ္စာပါရမီ ဖြည့်ကျင့်ရာရောက်ပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာရရှိကြမည်ဖြစ်ကြောင်းပါ။

ဥပဒေ သစ္စာတည်ကြပါလေ။
သစ္စာထား၍ သစ္စာတည်နိုင်ကြပါစေ။

# ကင်ဆိုးဟွန်ရဲ့ စစ်မှုမထမ်းမီ ရိုက်ကူးထားတဲ့ ဓာတ်ပုံများ ထုတ်ဖော်ပြသ



တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတွေထဲက တစ်ဦးဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ စစ်မှုစတင်ထမ်းဆောင်နေပြီဖြစ်ပြီး ကင်အနေနဲ့ စစ်မှုထမ်းရက်တွေကို မစတင်မီနောက်ဆုံး ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာတာ တွေ့ရပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ ကင်ဟာ စစ်မှုမထမ်းမီ နောက်ဆုံးရက်ကို ဘယ်လိုဘယ်ပုံကုန်ဆုံးခဲ့တယ်ဆိုတာကို လှစ်ဟပြခဲ့တာဖြစ်ကြောင်းလည်း အော့စ်ရှီးဘစ်ဇ် ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"My Love from the Star"ရဲ့ ဇာတ်ဆောင်မင်းသားဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ စစ်မှုမထမ်းမီ သူ့ရဲ့နောက်ဆုံးသောညကို သူအနှစ်သက်ဆုံးသောအရာတွေကို ပြုလုပ်ရင်း ကုန်ဆုံးခဲ့တာဖြစ်ပါတယ်။ လတ်တလောထုတ်ဖော်ပြသလာခဲ့တဲ့ဓာတ်ပုံတွေမှာ ကင်ဟာ ဟောလိုဝင်းနေ့အတွက် ရည်ရွယ်ပြင်ဆင်ထားတဲ့ အားကစားခန်းမတစ်ခုအတွင်း ရောက်ရှိနေပြီး သူ့ရဲ့အခင်ဆုံးသောသူငယ်ချင်းတွေနဲ့အတူ ဘိုးလင်းကစားခဲ့တာဖြစ်ပါတယ်။ ကင်ဟာ တစ်ချိန်က ဘိုးလင်းကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ယင်းအားကစားကို အလွန်ဝါသနာပါသူဖြစ်ကာ လက်ရှိထွက်ပေါ်လာတဲ့ ဓာတ်ပုံတွေမှာလည်း ကင်ရဲ့ ဘိုးလင်းစွမ်းရည်ကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

ကင်ဆိုးဟွန်ရဲ့ ဝမ်းကွဲညီအစ်ကိုတော်သူဖြစ်ပြီး ကင် နောက်ဆုံးရိုက်ကူးခဲ့တဲ့ ရုပ်ရှင် "Real"ရဲ့ ဒါရိုက်တာလည်းဖြစ်တဲ့ လီဆာရန်းဟာလည်း အဆိုပါညမှာ သူနဲ့အတူရှိနေခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးအပြင် ကင်ရဲ့ သူငယ်ချင်းတစ်ဦးလည်း ရှိနေတာတွေ့ရပါတယ်။

လတ်တလောမှာ အသက်(၂၉)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စစ်မှုထမ်းဆောင်ဖို့ရာ ပြင်ဆင်ခဲ့ပေမယ့် ဆေးကျခဲ့တာကြောင့် စစ်မှုထမ်းဖို့ရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ကင်ဟာ ငယ်စဉ်ကတည်းက နှလုံးရောဂါခံစားခဲ့ရပြီး ယင်းရောဂါကြောင့် အများနဲ့တန်းတူ စစ်မှုထမ်းဆောင်နိုင်ခြင်းမရှိတာ ဖြစ်ပါတယ်။ ဒီလိုဆေးစစ်ချက်ကျခဲ့ပြီးတဲ့နောက် ကင်ဟာ သူ့ရဲ့ ကျန်းမာရေးကိုအထူးဂရုစိုက်ပြင်ဆင်ခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထပ်မံဆေးစစ်ခဲ့ကာ လတ်တလောမှာတော့ စစ်မှုစတင်ထမ်းဆောင်ခွင့်ရခဲ့တာ ဖြစ်ပါတယ်။

ဒီလိုအချိန်အတော်ကြာ စောင့်ဆိုင်းခဲ့ရတဲ့ အခွင့်အရေးကိုရခဲ့ပြီးနောက်မှာတော့ ကင်ဟာ စစ်မှုထမ်းရက်တွေကို မစတင်မီသူ့ရဲ့နောက်ဆုံးညကို သူအနှစ်သက်ဆုံးအရာကို လုပ်ဆောင်ရင်း ကုန်ဆုံးခဲ့တာလည်း တွေ့ရပါတယ်။ ကင်ဟာ တစ်ချိန်က ပရော်ဖက်ရှင်နယ်ဘိုးလင်းကစားသမားတစ်ဦးဖြစ်ဖို့ ကြိုးစားခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ သူဟာ ဂွန်ဂျီပြည်နယ်မှာ စစ်မှုထမ်းဆောင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။



စစ်မှုမထမ်းဆောင်မီ နောက်ဆုံးအနေနဲ့ ကင်က သူ့ရဲ့ပရိသတ်တွေကို အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် နှုတ်ဆက်စာ ရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။ ကင်က "ကျွန်တော်အခုလိုနှုတ်ဆက်ရတာ ကျွန်တော့်ကို အားပေးချစ်ခင်ခဲ့ကြတဲ့ ပရိသတ်တွေအတွက် ဖြစ်ပါတယ်။ ကျွန်တော်စစ်မှုထမ်းပြီးရင်လည်း ကျန်းကျန်းမာမာနဲ့ ပြန်လာခဲ့ပါ့မယ်။ ပရိသတ်တွေလည်း ကျန်းမာကြပါစေလို့ ဆန္ဒပြုပါတယ်"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပရိသတ်တွေကို နှုတ်ဆက်စကားဆိုခဲ့ပေမယ့် ကင်က စစ်မှုမထမ်းမီ ပရိသတ်တွေနဲ့ တွေ့ဆုံတာ၊ သတင်းစာရှင်းလင်းပွဲပြုလုပ်တာတွေလို တရားဝင်အခမ်းအနားတွေ ပြုလုပ်သွားမှာမဟုတ်ဘဲ တိတ်တဆိတ် စစ်မှုထမ်းရက်တွေကို စတင်လိုကြောင်း မကြာသေးမီက သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၀ ရက်မှာတော့ ကင်ဆိုးဟွန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကီးအိစ်ထ်အန်တာတိန်းမန့်က "ကင်ဆိုးဟွန်ဟာ စစ်မှုထမ်းရက်တွေကို တိတ်တဆိတ် စတင်ထမ်းဆောင်သွားလိုတာဖြစ်ပါတယ်။ သူဟာ ကျော်ကြားတဲ့အနုပညာကြယ်ပွင့်တစ်ဦးဖြစ်ပေမယ့် အခြားသော တောင်ကိုရီးယားရဲ့ သာမန်နိုင်ငံသားတစ်ဦးလိုပဲ စစ်မှုထမ်းဆောင်သွားလိုတာပါ။ သူ့ကိုအများက အာရုံဝိုင်းစိုက်တာမျိုးတွေ မလိုချင်ဘူး။ ဒါ့အပြင် သူနဲ့တစ်ရက်တည်းမှာ စစ်မှုစတင်ထမ်းဆောင်ရမယ့် အခြားသောသူတွေကိုလည်း သူ့ကြောင့် အနှောင့်အယှက်မဖြစ်စေလိုပါဘူး"လို့ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

"Dream High"ရဲ့ ဇာတ်ဆောင်မင်းသားဖြစ်တဲ့ ကင်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်က စတင်ပြီး စစ်မှုထမ်းဆောင်ခဲ့ပြီဖြစ်ကာ ကင်ရဲ့ ပရိသတ်တွေအနေနဲ့ လာမယ့် ၂၀၁၉ ခုနှစ်အထိ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို တွေ့မြင်နိုင်ဦးမှာမဟုတ်ပါဘူး။ ၂၁ လကြာ စစ်မှုထမ်းရက်တွေအပြီး လာမယ့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်မှာမှ စစ်မှုထမ်းကာလပြီးဆုံးမှာဖြစ်တာကြောင့် ကင်ရဲ့ပရိသတ်တွေအတွက် လတ်တလောဖော်ပြခဲ့တဲ့ ကင်ရဲ့ ဓာတ်ပုံတွေဟာ အလွမ်းဖြေစရာတစ်စုံတစ်ရာအဖြစ် ကျန်ရှိနေခဲ့တာဖြစ်ပါတယ်။

**အေးပြည့် ရေးသားသည်**



## ဆယ်လီနာဂိုမက်ဇ်ရဲ့ တေးသီချင်းသစ် ထုတ်လွှင့်

ပေါ့ပ်ကြယ်ပွင့်ဆယ်လီနာဂိုမက်ဇ်ဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ပါတယ်။ ယင်းတေးသီချင်းဟာ "*Wolves*" လို့ အမည်ရပြီး သူနဲ့အတူ တေးသံရှင် မာ့ရှ်မယ်လိုက ပါဝင်အားဖြည့်သီဆိုပေးထားတာကိုလည်းတွေ့ရပါတယ်။ ပြီးခဲ့တဲ့လအတွင်း ကျောက်ကပ်ခွဲစိပ်ကုသမှုခံယူခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ လတ်တလောထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းမှာလည်း သူ့ရဲ့ဝေဒနာနဲ့ပတ်သက်ပြီး ထည့်သွင်းခံစားသီဆိုထားတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်မှာ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "*Wolves*"ကို ထုတ်လွှင့်တော့မှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက် မီဒီယာစာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်ပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြရာမှာ ဆယ်လီနာက တေးသီချင်းအတွက် ရည်ရွယ်ဖန်တီးထားတဲ့ ဓာတ်ပုံနဲ့အတူ တောထဲမှာ ပြေးလွှားနေရကာ မြေခွေးတွေနဲ့အတူ ငိုနေရကြောင်း စာသားအချို့ကိုပါ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ဒီလိုဖော်ပြခဲ့ပြီးနောက် နှစ်ရက်အကြာ အောက်တိုဘာ ၂၅ ရက် သန်းခေါင်အချိန်မှာ တေးသီချင်းသစ် "*Wolves*" ကို ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ဒီသီချင်းဟာ လှပတဲ့သံစဉ်တွေနဲ့ ဖွဲ့သီထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ဆယ်လီနာဂိုမက်ဇ်ရဲ့ ပုဂ္ဂိုလ်ရေးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေ လွှမ်းခြုံနေတဲ့ တေးသီချင်းတစ်ပုဒ်လို့လည်း ဆိုနိုင်ပါတယ်။ ဒီတေးသီချင်းမှာ ဆယ်လီနာဂိုမက်ဇ်က သူ နှစ်နဲ့ချီကာ ခံစားခဲ့ရတဲ့ ကျောက်ကပ်ရောဂါနဲ့ ပတ်သက်တဲ့ဝေဒနာတွေကိုလည်း ထည့်သွင်းဖော်ပြခဲ့ကာ တေးသီချင်းအမည်ဖြစ်တဲ့ "*Wolves*"ဟာလည်း လက်တင်ဘာသာစကားအရ ဆယ်လီနာခံစားခဲ့ရတဲ့ အရေပြားရောင်ယမ်းတဲ့ရောဂါလို့ အဓိပ္ပာယ်ရကြောင်းလည်း သိရပါတယ်။

## ဒေဂျွန်းရုပ်ရှင်ဆုပေးပွဲ ကျင်းပပြီးစီး

တောင်ကိုရီးယားရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဒေဂျွန်းရုပ်ရှင်ဆုပေးပွဲကြီးရဲ့ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ပွဲကို ပြီးခဲ့တဲ့ အောက်တိုဘာ ၂၅ ရက်က ဆိုးလ်မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာ ကျင်းပခဲ့တဲ့ ဆုပေးပွဲဟာ (၅၄)ကြိမ်မြောက် ဒေဂျွန်းရုပ်ရှင်ဆုပေးပွဲဖြစ်ပြီး ယင်းဆုပေးပွဲမှာ တစ်နှစ်အတွင်း ထွက်ရှိခဲ့တဲ့ ရုပ်ရှင်တွေမှာ ပါဝင်ခဲ့ကြတဲ့ ထူးချွန်အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ရွေးချယ်ကာ ထူးချွန်ဆု စုစုပေါင်း ၁၉ဆု ပေးအပ်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါဆုပေးပွဲကြီးကို တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေ များစွာတက်ရောက်ခဲ့ကြပြီး ရှင်ဟွန်ဂျွန်းနဲ့ လီဂျန်းအာတို့က ယခုနှစ်အတွက် အစီအစဉ်တင်ဆက်သူတွေအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်းလည်း သိရပါတယ်။

ယခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုကိုတော့ တောင်ကိုရီးယားသမိုင်းမှာ ရုံဝင်အများဆုံးဖြစ်ခဲ့တဲ့ "A Taxi Driver" ရုပ်ရှင်က ဆွတ်ခူးခဲ့ကာ အကောင်းဆုံး အမျိုးသားမျက်နှာသစ်သရုပ်ဆောင်ဆုကိုတော့ "Midnight Runners" ရုပ်ရှင်နဲ့ ပါ့ခ်ဆိုးဂျွန်က ဆွတ်ခူးခဲ့ပါတယ်။ မင်းသမီး ချွိုင်ဟီစိုးကတော့ ယခုနှစ်ရဲ့ အကောင်းဆုံးအမျိုးသမီးမျက်နှာသစ်သရုပ်ဆောင်ဆုအပြင် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကိုပါ "Anarchist from Colony" ရုပ်ရှင်နဲ့ ဆွတ်ခူးသွားခဲ့ကြောင်းလည်း သိရပါတယ်။


ယွန်နှ


ချွိုင်မင်ဟို


ဆန်းနာအွန်း


ဆန်းရယ်ဂျင်



အောက်တိုဘာ ၂၄ ရက်က တော်ဝင်ဂါးဒင်းဟိုတယ်၏ တော်ဝင်မင်္ဂလာခန်းမဖွင့်ပွဲတွင် တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေး က မြင်းခြံမြို့အဖြူရောင်ကမ်းလက်များပရဟိတအသင်းသို့ ကျပ်သိန်း ၂၀၀ တန်ဖိုးရှိအရေးပေါ်လူနာတင်ယာဉ် လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌဦးကိုကိုထွေးနှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

# မှန်(၄)မှန်နှင့် ပြည့်စုံသည့်ကုန်စည်ဒိုင်များဖြစ်ရန်လိုကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ပြောကြား

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ပံ့ပိုးကူညီမှုဖြင့် ပဲခူးကုန်စည်ဒိုင်ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲက ပဲခူးမြို့ တိုင်းဒေသကြီး သမဝါယမဝင်း အတွင်းရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးမြို့သည် ရန်ကုန်မြို့နှင့်နီးပြီး ရန်ကုန်-မန္တလေးကားလမ်းမပေါ်နှင့် ရန်ကုန်-မြဝတီ-မော်လမြိုင် ကားလမ်းမပေါ်တွင် တည်ရှိခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည့်အပြင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်သည့် မြို့လည်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှ တိုင်းဒေသကြီးလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်သည့်အတွက် ပဲခူးကုန်စည်ဒိုင်ဖွဲ့စည်းရန်လိုအပ်လာကြောင်း၊ ကုန်စည်ဒိုင်သည် အမြတ်အစွန်းရရှိရေးကို ဆောင်ရွက်ရန်သာမဟုတ်ဘဲ ရောင်းသူများနှင့် ဝယ်သူများအတွက် အရောင်း/အဝယ် ပြုလုပ်ရန်နေရာကို (Market Place) စနစ်တကျဖော်ဆောင်ပြီး ရောင်းသူများနှင့် ဝယ်သူများ၏ အမြင့်ဆုံးစွမ်းဆောင်ချက်များဖြင့် တစ်ခုတည်းသော ဈေးကွက်ယန္တရားတည်ထောင်ရမှာဖြစ်ကြောင်း၊ လွတ်လပ်သည့်ဈေးကွက်ယန္တရားဖြစ်ပေါ်ရန် ဈေးကွက်မှန်၊ ဈေးနှုန်းမှန်၊ အရောင်း/အဝယ်မှန်၊ ပစ္စည်းမှန် စသည့် မှန်(၄)မှန်နှင့်ပြည့်စုံသည့် ကုန်စည်ဒိုင်များဖြစ်ရန် လိုအပ်ကြောင်း၊ ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား မြင့်မားဖြစ်ထွန်းလာမည်ဖြစ်၍ ကုန်စည်ဒိုင်၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များ ထားရှိချမှတ်ပြီး လုပ်ငန်းရှင်များအားလုံး တညီတညွတ်တည်းညှိနှိုင်းတိုင်ပင်ကာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးသောင်းဝင်းနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က ကုန်စည်ဒိုင်ဖွင့်လှစ်ရခြင်း၏ အကျိုးကျေးဇူးနှင့် ကုန်စည်ဒိုင်အကြောင်းကို ရှင်းလင်းပြောကြားပြီး ကုန်သည်၊ လုပ်ငန်းရှင်၊ အသင်းအဖွဲ့များ၏ကိုယ်စား လုပ်ငန်းရှင်တစ်ဦးက ကုန်စည်ဒိုင်ဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်စည်ဒိုင် ၅၆ ခု ဖွဲ့စည်းထားရှိပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် အနောက်ခြမ်း၌ ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ကြို့ပင်ကောက်မြို့နယ် (၄)ခုတွင် ကုန်စည်ဒိုင်ဖွဲ့စည်းထားရှိပြီး အရှေ့ခြမ်းတွင် ဖွဲ့စည်းနိုင်ခြင်းမရှိသေးသောကြောင့် ဒေသခံစိုက်ပျိုးထုတ်လုပ်သူများမှ ကုန်သည်ပွဲစားများထံ ရောင်းဝယ်နေကြရပြီး လုပ်ငန်းရှင်များမှလည်း ရန်ကုန်ကုန်စည်ဒိုင်နှင့် ချိတ်ဆက်ရောင်းဝယ်နေကြရသဖြင့် ပဲခူးကုန်စည်ဒိုင်အား ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

ကုန်စည်ဒိုင်သည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ကုန်သည်များအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရုံသာမက စားသုံးသူများအပေါ် ဈေးနှုန်းဖိစီးမှုမရှိစေဘဲ သမာသမတ်ဖြစ်စေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်အောင် ထိန်းသိမ်းဆောင်ရွက်ပေးသွားရမည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ဝန်ကြီးချုပ်၊အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောစေရန် ရည်ရွယ်ပြီး ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲ လှိုင်ကော်မြို့၌ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂၆**

တတိယအကြိမ် ဘာသာပေါင်းစုံ စုပေါင်းဆုတောင်းပွဲကို အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီက လှိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားရုံ၌ပြုလုပ်ရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး ဒေါ်မြင့်မြင့်မော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

အဆိုပါဆုတောင်းပွဲတွင် ဟိန္ဒူဘာသာမှ ဦးနီတရေး(ခ) ဦးစိုးငြိမ်း၊ ခရစ်ယာန်ဘာသာမှ ဘုန်းတော်ကြီး စိုးမိုးထူးထူးဘော(အင်္ဂလီကန်အသင်းတော်)၊ အစ္စလာမ်ဘာသာမှ မော်လာနာအုစ္စမာန်း (ခ)ဦးစောမောင်နှင့် ဗုဒ္ဓဘာသာမှ ဉတ္တရာရုံပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဦးဇိနေဘာသတို့က ဘာသာအလိုက် အသီးသီး ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ ဆုတောင်းပွဲတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပါစေ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်ပြီး ဖော်ဆောင်နေသော ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များလည်း အဆင်ပြေချောမွေ့နိုင်ပါစေ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားများသည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး၏ နှလုံးတွင် ကိန်းဝပ်၍ ငြိမ်းချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ကြပါစေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း မနာလိုစိတ်၊ ဝန်တိုစိတ်၊ မစ္ဆရိယစိတ်များ ကင်းဝေး၍ တစ်ဦးနှင့်တစ်ဦး ချစ်သောမျက်စိဖြင့် ရှုကြည့်နိုင်ကြပါစေ၊ ပြည်သူတစ်ရပ်လုံး မျှော်မှန်းတောင့်တနေသည့် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိကာ သာယာဝပြောသည့် မြန်မာနိုင်ငံတော်ကြီး အမြန်ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါစေဟု သံပြိုင်ရွတ်ဆိုဆုတောင်းမေတ္တာပို့သကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာပြည်ကြီးငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံဆုတောင်းပွဲ မြောင်းမြမြို့၌ပြုလုပ်

**မြောင်းမြ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ (မြို့မအားကစားကွင်းကြီး)အတွင်း မြောင်းမြမြို့သူ၊ မြို့သားများ စုပေါင်းကျင်းပသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက်ဘာသာပေါင်းစုံဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် ညနေ ၆ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆုတောင်းပွဲတွင်ဗုဒ္ဓဘာသာဝင်များကိုယ်စား ချမ်းမြေ့သာစည်ကျောင်းတိုက်ဆရာတော်အရှင်အဂ္ဂဉာဏကလည်းကောင်း၊ ဟိန္ဒူဘာသာဝင်များကိုယ်စား ပဏ္ဍိတ်ကြီးဦးမြင့်လွင်ကလည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်များကိုယ်စား မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သင်းအုပ်ဆရာတော်သိက္ခာတော်ရဆရာတော် ဦးတင်မောင်လေးကလည်းကောင်း၊ အစ္စလာမ်ဘာသာဝင်များကိုယ်စား ထောင်ကုန်းစန္နီဂျာမေဗလီကြီးရှေ့ဆောင်ဆရာနှင့် ကျောင်းအုပ်ဆရာကြီး မောင်လနာဟာဖိဇ်ကာရီမုဖ်သီမိုဟာမ္မဒ်ဟာရွန်ခေါ် ဆရာဦးမျိုးသန့်ကလည်းကောင်း ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် ဘာသာအလိုက် အသီးသီးဆုတောင်းစကားပြောကြားခဲ့ကြသည်။ ဆုတောင်းပွဲသို့ စုစုပေါင်း ၃၀၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇော်မင်းသွင်(အမြောင်းမြ)



# မှူခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**တောင်ဥက္ကလာပ အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အလက (၇) ကျောင်းရှေ့၌ အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်ခဲ့သည်။

